မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၉၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်မှုကြည့်ရှုစစ်ဆေး အမှတ် (၁) ပေါက်တံတား(အုန်းတော)ရေရှည်တည်တံ့အောင် ထိန်းသိမ်းမှုလုပ်ငန်းများ စီမံဆောင်ရွက် ဝါးတောချောင်းမှ ချောင်းရေသောက်စနစ်ဖြင့် စပါးစိုက်ပျိုးမှု ဆက်လက်တိုးချဲ့စိုက်ပျိုးရေးမှာကြား

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ထွက်ခွာကြရာ မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်း မိုင်တိုင်အမှတ်(၄၄–၂)အနီးရှိ ကြက်မောက်တောင်ဆည် ရေကူတမံ ဖြစ်သော တောင်ရေ ရေလှောင်တမံ၏ ရေပေးမြောင်း ကားလမ်းကူးဥမင်သို့ရောက်ရှိရာ ကျောက်ပန်းတောင်း တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်ရေ ရေလှောင်တမံရေပေးမြောင်း ဥမင်နှင့် ရေပို့လွှတ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇူလိုင် ၂၁ ရက်)၌ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း ဆောင်းပါး နှင့် ကမ္ဘာ့တစ်လွှား အားကစား အညွှန်း

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန် သတ်မှတ်ရာတွင် ပင်လုံဒေသကို ဖွံ့ဖြိုးရေးဇုန်တစ်ခုအနေဖြင့် သတ်မှတ်ပေးခဲ့ပြီး လွိုင်လင်ခရိုင် ပင်လုံဒေသတွင် ပင်လုံတက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်တစ်ခု၊ ကွန်ပျူတာကောလိပ်တစ်ခုနှင့်အတူ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတစ်ရုံကို ၂၀၀၂ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့။

စိုင်းစိုးမင်းလတ်(သင်္ချာ/ပင်လုံတက္ကသိုလ်)၏ ထင်းရှူးပင်ပျို လေညင်းချို ပင်လုံတက္ကသိုလ် ဆောင်းပါး (စာ-၁၀) ၌ ဖတ်ရှုနိုင်

ကမ္ဘာ့ဖလားချန်ပီယံ အီတလီအသင်းခေါင်းဆောင် ဂျူဗင်တပ်စ်မှ ကီးရဲလ်မက်ဒရစ်ခေါ်ယူ။ (ကမ္ဘာတစ်လွှားအားကစား(စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၁ ရက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံး၏ ပြဿနာဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်ရေး ဦးတည်ချက်ဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဇူလိုင်လ ၁၆ ရက်နေ့က လဲချားမြို့ရှိ မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ပဉ္စမအကြိမ် ဖျက်ဆီးသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုဗေဒဆေးများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းများမှာ ဘိန်းစိမ်း ၂၂၉၁ဒသမ ၂၈၉၆၄ ကီလို၊ ဘိန်းဖြူ ဝဒသမ ဝ၄၅၈ကီလို၊ ဘိန်းညိုမှုန့် ၃၄၅ဒသမ ၃၉၈ကီလို၊ ဘိန်းဆီခဲ ၂ဒသမဝ၂၇၆၄ကီလို၊ အဆင့်နိမ့် ဘိန်း ၁ဒသမ ၁၇၁၂ကီလို၊ ဆေးခြောက် ဝဒသမ၁၈၇၆၄ကီလို၊ ဘိန်းရည်ရော ချောင်းဆိုး ပျောက်ဆေးရည် ဝ ဒသမဝဝ၇ လီတာ၊ ဘိန်းရည်၆၇ဝ ဒသမ ၄၅ လီတာ၊ အီသိုင်းအီသာ ၃၈ဝလီတာ၊ ဟိုက်ဒြိုကလိုရစ်အက်စစ် ၂၃၂ဒသမ ၅လီတာ၊ အမိုနီယမ်ကလိုရိုက် ၆၇ဝ ဒသမ ၅ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၂ဝဝ ကီလို၊ လိုက်ဓာအရည် ၇၅၈ လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂၈၆ပြား၊ ဘိန်းမျိုးစေ့ ၂၈၅၂၆ဒသမ ၈၇၇ကီလို၊ ဘိန်းစေ့ခြောက် ၉၉၂ဒသမ ၈၆၄ကီလို ကာလပေါက်ဈေး မြန်မာငွေကျပ် ၂၈၃၇၇ဒသမ ၅၅သန်းဖြစ်၍ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၉၉သန်းတန်ဖိုးရှိသည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများကို ရန်ကုန်မြို့တွင် အကြိမ်(၂ဝ)၊ နယ်စပ်ဒေသနှင့် အခြားမြို့များတွင်(၃၉)ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းတွင် ဘိန်းစိုက်ပျိုးမှုအပေါ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မှီခိုနေခြင်းအစား အခြားအသက်မွေးဝမ်းကျောင်းမှု နည်းလမ်းများ ပြောင်းလဲအသုံးပြုလာရေး၊ လူနေမှုဘဝ မြင့်မားလာရေးအတွက် အသိပညာပေး လုပ်ငန်းများနှင့် အားပေးမြှင့်တင်မှု လုပ်ငန်းများကို နိုင်ငံတော်က တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဘိန်းအစားထိုး ရေရှည်ဝင်ငွေရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ထွက်ရှိလာသည့် အစားထိုးသီးနှံဈေးကွက် အခက်အခဲမဖြစ်စေရန် ဈေးကွက်ရရှိရေးကို အိမ်နီးချင်း မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားသည်။

၂၀၀၆ ခုနှစ် မေလအတွင်းက မူးယစ်ဗဟို (CCDAC) နှင့် တရုတ်နိုင်ငံ NNCC တို့ ပူးပေါင်းပြီး ဘိန်းခင်းတိုင်းတာမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် 'ဝ'နှင့် ကိုးကန့်ဒေသ၌ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လည်း သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ကာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည်။

အနာဂတ်ကာလ၌လည်း နိုင်ငံတကာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် အတူတကွ ပူးပေါင်းလက်တွဲလျက် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရာတွင် ယခုထက်ပိုမိုသော အောင်မြင်မှုများကို ရရှိရမည်ဟူသော သန္နိဋ္ဌာန်စိတ်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များပြည့်မီရန် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ပြည်သူအတွင်း ကျန်းမာရေးအသိပညာများ ပိုမိုဖြန့်ဖြူးပေး

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မျိုးဆက်ပွားကျန်းမာရေး စီမံချက်၏ Advocacy Meeting on Reproductive Health for Key Stakeholder အစည်းအဝေးဖွင့်ပွဲကို ဇူလိုင်၁၈ရက် နံနက်၉နာရီက နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသောဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုးနှင့် ဦးစီးဌာနများရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ သားဖွားမီးယပ်၊ ကလေးကျန်းမာရေးဆိုင်ရာ ပါမောက္ခများ၊ အထူးကု သမားတော်ကြီးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီး **(အပေါ်ပုံ)** က အမှာစကားပြောကြားရာ၌ ထောင်စုနှစ် ရည်မှန်းချက် ပန်းတိုင်များ ပြည့်မီရန်အတွက် မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ ယခု တက်ရောက်လာကြသော သားဖွားမီးယပ်၊ ကလေးကျန်းမာရေးဆိုင်ရာ ပါမောက္ခကြီးများနှင့် အထူးကု ဆရာဝန်ကြီးများက မီးတွင်း မိခင်သေဆုံးနှုန်း၊ မွေးကင်းစနှင့် တစ်နှစ်အောက်၊ ငါးနှစ်အောက် ကလေးသေဆုံးနှုန်း ကျဆင်းရေးအတွက် အကြံဉာဏ်ကောင်းများ ပေးကြရန်လို အပ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကဲ့သို့သော အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူ လူထုအတွင်း မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကျန်းမာရေး အသိပညာများ ပိုမိုဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း ပြောကြားပြီး အစည်းအဝေး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်ဆွေးနွေး

အစည်းအဝေးသို့ ဆေးတက္ကသိုလ်များရှိ သားဖွားမီးယပ် ပညာဌာန၊ ကလေးကျန်းမာရေးပညာ ဌာနတို့မှ ပါမောက္ခ၊ ဌာနမှူးများ၊ ရန်ကုန်နှင့် မန္တလေးရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ကလေးဆေးရုံကြီးများ၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ မကွေး ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ခုတင်၃ဝဝနှင့် ပျဉ်းမနားမြို့ ခုတင်၁ဝဝ ဆံ့ ဆေးရုံကြီးများရှိ သားဖွားမီးယပ် ကလေးကျန်းမာရေးဆိုင်ရာ အထူးကု သမားတော်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၁-၇-၂၀၀၆

(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ **"စည်းကမ်းလဲကျ စာလဲတတ်စေ"**
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်လေး"**(အပိုင်း-၁၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၆ (သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ သံဓာတ်အားတွေ ဖြည့်ဆည်းပေး ဆေးတောင့်နီနီလေး
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ Myanmar Video Rhythm
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၃၀ အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ကာတီးယားစိန်တိုက် ဦးအောင်ငွေး)
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ မိုးလေဝသခန့်မှန်းချက်
- ၈:၅၅ သွန်းလောင်းသံနည်းပညာ
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၂၀ သူတို့ပြောတဲ့သူတို့အကြောင်း [ကာတွန်းပညာရှင်များနှင့် တွေ့ဆုံခြင်း (ကာတွန်းသစ်ထွဏ်း)]
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ မြန်မာ့လက်မှုယွန်းအနုပညာ
- ၁၀:၀၅ လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုးကြက်ဆူပင်များ
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၃၅ ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ချောစုခင်နှင့် သူ၏အနုပညာခရီးလမ်း)
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ စိုက်ပျိုးဖို့လွယ်ကူစေမှာ ကောက်ရိုးမှိုပါ
- ၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ ပုံရိပ်ဖမ်းစား ဓာတ်ပုံအနုပညာရှင်များ (စိုင်းဘုန်းထူး)
- ၁၁:၅၀ အလျော်အစား (ဇင်ဝိုင်း၊ ခင်လေးနွယ်၊ ငွေစင်သွန်း)
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မိတ္ထီလာဆရာတော် ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ တရားစခန်းပွဲကို ဝါခေါင်လဆန်း ၁ ရက်မှ ၇ရက်ထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို မိတ္ထီလာ၊မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာနနာယက ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ လူဦးရေကန့်သတ်ထားသဖြင့် ဖုန်း-၀၆၄-၂၄၁၆၅သို့ ကြိုတင်စာရင်းပေးသွင်းကြရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မန္တလေးတိုင်း မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊စာကြည့်တိုက်နှင့် အများသုံးတယ်လီဖုန်းရုံးဖွင့်ပွဲ အခမ်းအနားများကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မလှိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက်ညနေ ၃ နာရီခွဲက အဆိုပါကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြားသည်။



ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယနေ့ ကျောက်တန်းစံပြကျေးရွာ ဇီဝဓာတ် ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို အထောက်အကူပြုသည့် လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က ကြီးကြပ်၍ လူအား၊ငွေအား၊ အတတ်ပညာစွမ်းအားဖြင့် ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်မှုကြောင့် လျှပ်စစ်အားအသုံး ပြုပြီး လူနေမှု အဆင့်အတန်း မြင့်မားလာမှု အကျိုးကျေးဇူးများခံစားနေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ရကြောင်းနှင့် စက်ရုံကို ရေရှည်တည်တံ့အောင်၊ အလေအလွင့်မရှိအောင်၊ အစဉ်အမြဲအသုံးပြုနိုင်အောင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ထို့နောက် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတိုင်းမှူး၏ ဇနီးဒေါ်ခင်ပြုံးဝင်းက ကျောက်တန်းစံပြကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကျင်းပရာ စက်ရုံဆိုင်းဘုတ်ကို မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်၊မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးသန့်၊ စက်ရုံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် **(အပေါ်ပုံ)**က စက်ခလုတ်နှိပ် မီးလင်းပေးပြီးနောက် ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျောက်တန်း စံပြကျေးရွာဇီဝ ဓာတ်ငွေ့ဓာတ်အားပေးစက်ရုံကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ မြင်းကောင်ရေ ၂၅ကောင်ရှိ အင်ဂျင်စက်တစ်လုံး၊ ၁၁ကေဗွီအေဒိုင်နမိုတစ်လုံး၊ သံချောင်းနှင့်ဘိလပ်မြေများ ကူညီပံ့ပိုးခဲ့ပြီး ပြည်သူလူထု ထည့်ဝင်လှူဒါန်းငွေ ကျပ်၄၅သိန်း စုစုပေါင်း တန်ဖိုးငွေကျပ်၅၅သိန်းဖြင့် တည်ဆောက်ခဲ့၍ ကျေးရွာအတွင်း စေတီ၊ ဘုန်းကြီးကျောင်း၊ ရုံး၊ ဆေးရုံ၊ လမ်းမီးနှင့် နေအိမ်များတွင် စုစုပေါင်း ၂ပေမီးချောင်း ၃၀၄ချောင်းတို့ကို မီးလင်းပေးနိုင်ခဲ့သည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ကျောက်တန်းစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းသို့ ရောက်ရှိကြပြီး တိုင်းမှူးနှင့် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးတို့က ကလေး ငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကျောက်တန်းစံပြကျေးရွာ သုတမြတ်မွန်စာကြည့်တိုက်နှင့် အများသုံး တယ်လီဖုန်းရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ သုတမြတ်မွန် စာကြည့်တိုက်နှင့် အများသုံးတယ်လီဖုန်းရုံးကို မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်၊ မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်မောင်ဇော်က သုတမြတ်မွန် စာကြည့်တိုက်နှင့် အများသုံး တယ်လီဖုန်းရုံးကော်မတီ အဖွဲ့ဝင် ဦးဘိုငယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတိုင်းမှူး၏ဇနီးက သုတမြတ်မွန် စာကြည့်တိုက်အတွက် သုတရသစာအုပ်နှင့် ဂျာနယ်စာအုပ် ၂၀၀တို့ကို ပေးအပ်လှူဒါန်းသည်။

ထောက်ပံ့ငွေများပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် စာကြည့်တိုက်နှင့် အများသုံးတယ်လီဖုန်းရုံးအား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက တယ်လီဖုန်းအား စမ်းသပ်ဆက်သွယ်ပြောဆိုသည်။ထိုမှတစ်ဆင့် တိုင်းမှူး၊ မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းစံပြကျေးရွာတိုက်နယ် ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးကဆေးရုံ တက်ရောက်ကုသမှုခံယူနေသော လူနာ၁၇ဦးတို့အား ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ဆေးရုံဆေးပဒေ သာပင်အတွက် ငွေများလှူဒါန်းကြရာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးက ငွေကျပ်တစ်သိန်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ကြေးမုံဦးက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ တိုက်နယ် ဆရာဝန် ဒေါက်တာကျော်ကျော်ဦးက လက်ခံရယူသည်။

ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့သည် ဆေးရုံဝင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မစိုက်ကွင်း ၁ဒသမ၅ဧကတွင် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ကျောက်တန်းစံပြကျေးရွာ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိကြပြီး တိုင်းမှူးနှင့်အဖွဲ့က သတ်မှတ်နေရာများတွင် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးသည်။ **(သတင်းစဉ်)**

လူကုန်ကူးသူတရားခံစိုးမြင့်အား ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၀

ကမ္ဘာပေါ်တွင် လိင်မှုဆိုင်ရာအမြတ်ထုတ်ရန်အတွက်လည်းကောင်း၊ အတင်းအကြပ်စေခိုင်းရန်အတွက်လည်းကောင်း လူကုန်ကူးမှုများ နိုင်ငံအားလုံး၌ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ လူကုန်ကူးမှုသည် လူသားတို့၏ အရှက်နှင့် သိက္ခာကို ထိခိုက်စေသည့်အပြင် မြန်မာလူမျိုးတို့ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပါ ထိပါးပျက်စီးစေသည့် အတွက် နိုင်ငံတော်က လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူပြီး ပြည်တွင်း၌ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း တားဆီးတိုက်ဖျက်လျက်ရှိသည်။

ယင်းသို့ တားဆီးတိုက်ဖျက်နိုင်မှုကြောင့် ဇူလိုင် ၄ ရက် ည ၈ နာရီတွင် ရန်ကုန်ဘူတာကြီးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ လူကုန်ကူးရန် လှည့်စားခေါ်ဆောင်ခြင်းခံရသူ ခင်မောင်ဆွေနှင့် ငါးဦးတို့အား ရန်ကုန်တိုင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့က ကယ်တင်စောင့်ရှောက်နိုင်ခဲ့ပြီး တရားခံ ရန်ကုန်မြို့ သာကေတမြို့နယ်(၈)ရပ်ကွက် ၇ လမ်း၊ အမှတ် ၅၇၀ ၌ ဘိုးတော်အဖြစ် ဓာတ်ခန်းဖွင့်လှစ်ထားသူ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ဘုမ္မာလမ်း အမှတ် ၁၂၄၉ ၌ နေထိုင်သူ စိုးမြင့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

တရားခံ စိုးမြင့်သည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကုလားနှင့် ချယ်ရီဦးတို့အားလည်းကောင်း၊ ဧပြီလတွင် ဧရာဝတီတိုင်းမှ ခင်ရီရီထွန်း၊ အေးအေးဝင်း၊ စာကလေးနှင့် မောင်သိန်းတို့အားလည်းကောင်း တစ်ဖက်နိုင်ငံသို့ အခကြေးငွေဖြင့် ပို့ဆောင်ခဲ့ဖူးကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ စိုးမြင့်အား သက်ဆိုင်ရာက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး ရှေ့ဘက် သတ္တာဌာန ဗုဒ္ဓခုနှစ်ဆူ ရုပ်ပွားတော်များတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး ပဓာနနာယက ဘဒ္ဒန္တသုမင်္ဂလ (အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ)ဘွဲ့တံဆိပ်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူး ပူဇော်၍ ကျောင်းတိုက်ကြီးအတွင်းရှိ သုံးထပ်ကျောင်း ယောဂီဆောင်သစ်ကြီး ရေစက်ချအလှူတော် မင်္ဂလာနှင့် ဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သီလရှင်ယောဂီများအား ဝတ်စုံလှူဒါန်းပွဲကို ဇူလိုင်၉ရက်က ကျောင်းဆောင်သစ်၌ကျင်းပစဉ်။ (က-ပ)

မြန်မာနိုင်ငံမိခင်/ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) က ကျန်းမာရေးပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြနှင့် ကျန်းမာရေး ပညာပေးအဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး အကြိုဆန်းစစ်ခြင်းကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာခင်မြဝင်းနှင့် ဒေါက်တာသန်းဦးတို့က ကျန်းမာရေးပညာပေး ဟောပြောခြင်းနှင့် အပြီးသတ်ဆန်းစစ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ကြကာ ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ဆုများ ချီးမြှင့်၍ ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျော့ဖုံးမှ

အဆိုပါ ကောက်စိုက်ပြိုင်ပွဲ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် ကောက်စိုက်ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့မှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်သန်းက ကောက်စိုက်ပြိုင်ပွဲ စည်းကမ်းချက်များနှင့် ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ကောက်စိုက်ပြိုင်ပွဲကို စတင်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကောက်စိုက်အသင်းများ ကောက်စိုက်ပြိုင်ပွဲဝင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုပေးပွဲကိုကျင်းပရာ လဲချားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်တို့က နှစ်သိမ့်ဆုရရှိကြသည့် ကောက်စိုက်အသင်းများဖြစ်ကြသော ရပ်ကွက်လေးအသင်း၊ ဟိုနောင်လုံအသင်း၊ ဟိုဖိုင်အသင်းနှင့် နောင်ပန်အသင်းတို့အားလည်းကောင်း၊ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်သန်းက တတိယဆုရ နောင်မိန်း ကောက်စိုက်အသင်းအားလည်း ကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက ဒုတိယဆုရ ရပ်ကွက်တစ်ကောက်စိုက်အသင်းအားလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ပထမဆုရ ဟိုနောင်အွမ်ကောက်စိုက်အသင်းအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး ကောက်စိုက်ပြိုင်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြိုးစားစိုက်ပျိုး

ကောက်စိုက်ပြိုင်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကောက်စိုက်ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ်အတွင်း အထူးအထွက်တိုး စပါးများကို စိုက်ပျိုးလျက်ရှိရာ တစ်ဧက တင်း ၂၅၀ ကျော်ထွက်ရှိသည့်အထိ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ခေတ်မီ စိုက်ပျိုးနည်းစနစ်များနှင့်အညီ ဒေသနှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်များကို ရွေးချယ်ကာ ပိုမိုတိုးတက်ထွက်ရှိအောင် ကြိုးစားစိုက်ပျိုးကြရန် မှာကြားသည်။

လွိုင်လင်ခရိုင် လဲချားမြို့နယ်၌ ၂၀၀၅-၂၀၀၆ခုနှစ်တွင် စပါး ၃၆၈၂၁ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး ဧက၃၇၉၀၀စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအထိ ဧက ၂၄၈၈၀ စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမေရိကန်တို့ ရေနံဈေးနှုန်းတက်အောင်လုပ်နေ ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ် ပြစ်တင်ပြောကြား

ကာရာကတ် ဇူလိုင် ၂၀

အမေရိကန်နိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အနှောင့်အယှက်ပေးရန်အတွက် ရေနံဈေးနှုန်းများမြင့်တက်အောင်လုပ်ဆောင်နေသော နိုင်ငံဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က ဇူလိုင် ၁၈ ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်။ (ဓာတ်ပုံ-အင်တာနက်)

ပြောကြား

ရေနံဈေးနှုန်းများ နောက်ထပ်တက်မလာနိုင်ဘူးဟု မိမိယုံကြည်ကြောင်း၊ ရေနံဈေးနှုန်း အကျပ်အတည်း နောက်ကွယ်မှနေ၍ အမေရိကန်သည် ဘူမိနိုင်ငံရေး တင်းမာမှုများဖြစ်အောင် လောင်စာမီးထိုးပေးနေသည်ဟု ကာရာကတ်မြို့တွင် ကျင်းပသည့် မြေအောက်ရထား လိုင်းသစ်ဖွင့်ပွဲ၌ မိန့်ခွန်းပြောကြားစဉ် ချာဗက်ဇ်က ထည့်သွင်း ပြောကြားသွားသည်။

လုပ်ဆောင်

ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်အောင်လုပ်ဆောင်ရန် မိမိတို့တွင် အစီအစဉ်မရှိကြောင်း၊ သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော နယ်ချဲ့ကျူးကျော်ရန်အရှုံးအမှုးဖြစ်နေသူများနှင့် အခြားအကြောင်းများက ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ ထိမြင့်တက်အောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းကပြောကြားလိုက်သည်။

လုပ်ဆောင်

ကမ္ဘာတွင် ရေနံပြည်ပသို့ တင်ပို့သည့် ပဉ္စမမြောက်နိုင်ငံ၏ သမ္မတဖြစ်သူ ချာဗက်ဇ်သည် အမေရိကန်အား ပြင်းပြင်းထန်ထန် ဝေဖန် တိုက်ခိုက်နေသူဖြစ်ပြီး ရေနံဈေးနှုန်းများ စံချိန်တင် မြင့်တက် လာခြင်းသည် အရှေ့အလယ်ပိုင်းတွင် အမေရိကန်ဝင်ရောက်စွက် ဖက်နေခြင်းကြောင့်ဖြစ်ကြောင်း ပြစ်တင်ပြောဆို လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဆူနာမီလှိုင်းများကြားမှ ကလေးငယ်တစ်ဦး အသက်ရှင်လျက်တွေ့ရှိ

ဂျကာတာ ဇူလိုင် ၂၀

အင်ဒိုနီးရှားနိုင်ငံ စီရာမစ်ဒေသရှိ ပန်ဂန်ဒါရမ် ကမ်းခြေအပန်းဖြေစခန်းတွင် ဆူနာမီ ဒီလှိုင်းများ ရိုက်ခတ်ခံရသော်လည်း အသက်ခြောက်လသားအရွယ် မိန်းကလေးငယ်တစ်ဦးအား အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့သည်။

အင်္ဂါနေ့ နံနက်ပိုင်းက ၎င်းကလေးငယ်အား အုန်းပင်အောက်မှ ဒေသခံများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏အဘိုးဖြစ်သူက သတင်းထောက်များအား ပြောကြားသည်။

ဆူနာမီ ရေလှိုင်းများအောက်တွင် ၎င်းအမေနှင့် အစ်ကိုတို့သေဆုံးသွားခဲ့ရကြောင်း ၎င်းကလေးငယ်သည် ငိုကြွေးနေသောကြောင့် ဆေးကုသရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးလိုက်ပြီး ၎င်း၏အခြေအနေသည် ကောင်းမွန်လျက်ရှိသည်ဟု အဘိုးဖြစ်သူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ချူကလီးယားစွမ်းအင်များ ဗြိတိန် တိုးချဲ့သုံးစွဲသွားမည်

လန်ဒန် ဇူလိုင် ၂၀

ချူကလီးယားစွမ်းအင်ကို အတိုးချလျက် ပြန်လည်အသုံးပြုကြမည်ဖြစ်ကြောင်းဖြင့် ဗြိတိန်စွမ်းအင်သုံးသပ်ချက်တွင် ဝန်ကြီးချုပ် တိုနီဘလဲက ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် ပြောကြားလိုက်သည်။

ယခုအခါ ချူကလီးယားဓာတ်အားစက်ရုံများ တည်ဆောက်ရေးကို ဝန်ကြီးများက မီးစိမ်းပြခွင့် ပြုလိုက်ပြီဖြစ်သည်။ ချူကလီးယား ဓာတ်အားပေးစက်ရုံသစ်များသည် လောလောဆယ် ဗြိတိန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ၂၀ရာခိုင်နှုန်းကို ထုတ်ပေးနေသည့် ချူကလီးယားစက်ရုံဟောင်းများကို အစားထိုးမည်ဖြစ်သည်။

တီထွင်မှုအဆင့်သုံး ခေါ်သည့် ချူကလီးယားစက်ရုံပုံစံနှင့် ဓာတ်ပေါင်းဖိုများသည် ရှေ့တန်းမှ ပါဝင်ဖွယ်ရှိကြောင်း စက်မှုလုပ်ငန်းနှင့် ချူကလီးယားကျွမ်းကျင်သူများက ပြောဆိုသည်။

ဗြိတိန်နိုင်ငံ၌ လောလောဆယ် အသုံးပြုနေသော ချူကလီးယားစက်ရုံများမှာ အဆင့်တစ်နှင့် အဆင့်နှစ်ဖြစ်ပြီး နှစ်ပေါင်း ၄၀ သက်တမ်းကုန်ဆုံးရန် အချိန်နီးကပ်နေပြီ ဖြစ်သည်။

အဆင့်လေး ဓာတ်ပေါင်းဖိုများမှာမူ လာမည့်အနှစ် ၂၀တိုင် စီးပွားဖြစ် ထုတ်ရောင်းနိုင်ဖွယ် မရှိသေးဟု သိရသည်။ **(အင်တာနက်)**

တရုတ်တောင်ပိုင်း၌ရေကြီး ရထားစီးခရီးသည်များ သောင်တင်ခဲ့

ကွမ်ကျိုး ဇူလိုင် ၂၀

ပေကျင်း ကွမ်ကျိုးမီးရထားလမ်းတစ်လျှောက် ရေကြီးမှုကြောင့် (အောက်ပုံ) **ခရီးသည်ပေါင်း ၈၈၀၀တို့အား နာရီ၄၀ကြာ သောင်တင်ခဲ့ပြီးနောက် သက်ဆိုင်ရာက ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံးပြည်နယ်၌ ဇူလိုင် ၂၃ ရက် ညပိုင်းက မိုးများ အဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မယ်ကွန်-ပင်ရှိ ရထားလမ်းပိုင်း ပျက်စီးခဲ့ရာ မြို့တော် ကွမ်ကျိုး၌ ရထားငါးဆင်း မထွက်နိုင်ဘဲ ရှိသည်။

ပြန်လည်ပြုပြင်

ရေမျက်နှာပြင်သည် ရထားလမ်းပေါ်တွင် သုံးပေခန့် တက်နေကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။ ၎င်းခရီးသည်များအား သက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များက အစားအစာနှင့် ရေများ ထောက်ပံ့ပေးခဲ့ပြီး အလုပ်သမား ၁၀၀၀၀ခန့်က မီးရထားလမ်းကို ပြန်လည်ပြုပြင်လျက်ရှိသည်။

သောင်တင်

ဟူဘေးပြည်နယ်၌လည်း ရထားအစင်း ၁၀၀ခန့် ရေကြီးမှုအန္တရာယ်နှင့် ရင်ဆိုင်ရပြီး ရထားလေးစင်း သောင်တင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ကြရ

ဘေရွတ် ဇူလိုင် ၂၀

ပါလက်စတိုင်း စစ်သွေးကြွများက အစ္စရေးတပ်ဖွဲ့မှ တပ်ကြပ်ဂါလစ်ရှာလစ်ကို ဖမ်းဆီးသွားခဲ့ပြီးနောက် ပါလက်စတိုင်းအကျဉ်းသားများကို လွှတ်ပေးရန် ပါလက်စတိုင်းတို့က ဇူလိုင်၄ရက် နံနက်၃နာရီ နောက်ဆုံးအချိန် ပေးထားပြီး အစ္စရေးတို့ အကြောင်းပြန်ရန် ပါလက်စတိုင်းတို့က ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က ပါလက်စတိုင်းတို့နှင့်စေ့စပ်ဆွေးနွေးရေးကို အကြိမ်ကြိမ်ငြင်းပယ်လိုက်ပြီး အကြမ်းဖက်အဖွဲ့အစည်းအားလုံးကို ချေမှုန်းပစ်မည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့သည်။

ပြောကြား

သတ်မှတ်အချိန် ကျော်လွန်လာပြီးနောက်ပိုင်း၌ ပါလက်စတိုင်းတို့က ဖမ်းထားသော အစ္စရေးတပ်ကြပ်ရှာလစ်ကို မသတ်ကြောင်း၊ သို့သော် အစ္စရေးတို့နှင့်ထပ်မံဆွေးနွေးမှု မပြုလုပ်တော့ကြောင်း ပြောကြားလိုက်သည်။

အစ္စရေးတို့ကလည်း အကြမ်းဖက် အစွန်းရောက်သမားများ၊ ၎င်းတို့အား ကာကွယ်ပေးနေသူများနှင့် အမိန့်ပေးသူများအား ချေမှုန်းရေးအတွက် စစ်ဆင်မှုများ ပြုလုပ်ရန် အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က အစ္စရေးတပ်ဖွဲ့ဝင်များအား အမိန့်ပေးခဲ့သည်။

လေကြောင်းမှတိုက်ခိုက်

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသကို ညလုံးပေါက်လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ပြီး ဗုံးများကြဲချခဲ့သည်။ ထိုသို့ တိုက်ခဲ့မှုများ နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့ရာ ဇွန်၂၅ ရက်မှ ဇူလိုင်၂၀ရက်အထိ ကာလအတွင်း ပါလက်စတိုင်းကလေးငယ် ၂၁၀အပါအဝင် လူ၄၁၀ကျော်ခန့် ဒဏ်ရာ ရရှိခဲ့ပြီး ပါလက်စတိုင်း အပြစ်မဲ့ပြည်သူ ၁၃၅ဦး သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံး

ထို့အပြင် ပါလက်စတိုင်းစစ်သွေးကြွများအား ကူညီထောက်ပံ့နေသော ဟစ်ဇ်ဘိုလာလက်နက်ကိုင်တပ်ဖွဲ့များကိုလည်း အစ္စရေးတို့က လေကြောင်းမှ အကြိမ် ၈၀ခန့် တိုက်ခိုက်ခဲ့ရာ လက်ဘနွန်နယ်စပ်တစ်လျှောက်တွင် နေထိုင်သော ဒေသခံ၃၀၀ခန့်သေဆုံးပြီး လူငါးသိန်းခန့် ဘေးလွတ်ရာသို့ ရှောင်တိမ်းခဲ့ရသည်ဟု လက်ဘနွန်အစိုးရ၏ပြောရေးဆိုခွင့်ရှိသူ ဖို့ဒ်ဆီနီရိုရာက ဇူလိုင်၂၀ရက် နံနက်၌ ပြောကြားလိုက်သည်။

ပြန်လည်ပစ်ခတ်

ဟစ်ဇ်ဘိုလာတို့က ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ် တိုက်ခိုက်မှုကြောင့် အစ္စရေးကလေးငယ် ၁၅ဦးအပါအဝင် လူ၂၉ဦး သေဆုံးခဲ့သည်ဟု အစ္စရေးတို့က ပြောကြားခဲ့သည်။ မိမိတို့က အစ္စရေးတို့ကို ပြန်လည်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိကြောင်း ဟစ်ဇ်ဘိုလာတို့က ဇူလိုင် ၂၀ရက်က ကြေညာခဲ့သည်။

(အင်တာနက်)

အင်ဒိုနီးရှား၌ ဆူနာမီကြောင့် သေဆုံးသူ ၅၀၀ကျော်ရှိ

ပန်ဂန်ဒါရမ် (အင်ဒိုနီးရှား) ဇူလိုင် ၂၀

အင်ဒိုနီးရှား ကယ်ဆယ်ရေးအဖွဲ့များက တနင်္လာနေ့တွင် ငလျင်လှုပ်ခတ်ပြီး ဆူနာမီဖြစ်ပေါ်ရာမှ သေဆုံးသူများကို ဂျာဗားကျွန်းတောင်ပိုင်း ကမ်းခြေတစ်လျှောက်၌ ဆက်လက်ရှာဖွေခဲ့ရာ ဇူလိုင် ၁၉ ရက်အထိ သေဆုံးသူပေါင်း ၅၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။ (အောက်ပုံ)

ပျောက်ဆုံး

အနောက် ဂျာဗားပြည်နယ်သည် ဆူနာမီ အဆိုးရွားဆုံးထိခိုက်ခံရသည့်ဒေသဖြစ်ပြီး အနည်းဆုံးလူ ၁၇၂ ဦးသေဆုံးကာ ၁၀၀ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။

ဆောင်ရွက်

ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် ပန်ဂန်ဒါရမ် အပန်းဖြေစခန်းအပါအဝင် ကမ်းခြေဒေသ ခုနစ်ခုတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အနည်းဆုံးလူပေါင်း ၅၄၀၀ခန့် ကျောင်းများ၊ ဗလီများနှင့် ကျေးရွာခန်းမများတွင် ဝင်ရောက် တည်းခိုနေကြရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေနံထုတ်လုပ်မှုစက်ရုံ

တရုတ်နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုစက်ရုံတစ်ရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မှု မြင့်တက်

ပေကျင်း ဇူလိုင် ၂၀

တရုတ်နိုင်ငံ ရေနံနှင့်ဓာတုဗေဒကော်ပိုရေးရှင်း(စီနိုပက်)သည် ပထမခြောက်လအတွင်း ရေနံစိမ်းစည် ၁၄၀ဒသမ ၈၉သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ပြီးခဲ့သောနှစ် ယင်းကာလထက် ၃ဒသမ၀၇ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဇူလိုင် ၁၁ ရက်က ထုတ်ပြန်ကြေညာသည်။

မြင့်တက်

စီနိုပက်မှ ထုတ်ပြန်သော စာရင်းများအရ သဘာဝဓာတ်ငွေ့ ကုဗပေ ၁၂၆ဒသမ၂ဘီလီယံ ထုတ်လုပ်နိုင်ခဲ့သောကြောင့် တစ်နှစ်ထက် တစ်နှစ် ၅ဒသမ၂၉ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ပထမခြောက်လအတွင်း ရေနံစိမ်းတန် ၇၁ ဒသမ ၆၈သန်း ထုတ်လုပ်နိုင်သဖြင့် တစ်နှစ်ထက် တစ်နှစ် ၅ဒသမ၂၉ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ရောင်းချမှုတန်ဖိုး

ဒီဇယ်ဆီထုတ်လုပ်မှုသည်၇ဒသမ ၆၄ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အသေးစားစက်မှုလုပ်ငန်းအတွက် ဓာတုဗေဒကုန်ကြမ်းပစ္စည်း ထုတ်လုပ်မှုသည် ၁၂ဒသမ၈၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ စီနိုပက်၏ သန့်စင်ပြီး ရေနံထုတ်ကုန်၏ ပြည်တွင်းရောင်းချမှုတန်ဖိုးသည် တစ်နှစ် ထက်တစ်နှစ် ၆ဒသမ ၉၉ရာခိုင်နှုန်း မြင့်တက်ခဲ့သဖြင့် ၂၀၀၆ ခုနှစ်၏ ပထမ နှစ်ဝက်တွင် တန် ၅၄ဒသမ၃၂သန်း ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ ကုလအကြီးအကဲ နယူးဇီလန်နိုင်ငံသားအား ခန့်အပ်

ဝယ်လင်တန် ဇူလိုင် ၂၀

ကုလသမဂ္ဂ၏ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာကော်မတီ အကြီးအကဲအဖြစ် နယူးဇီလန်နိုင်ငံသား တူမူတီဟူဟူအား ခန့်အပ်လိုက်ကြောင်း နယူးဇီလန်နိုင်ငံ မီဒီယာများက ဇူလိုင် ၁၇ ရက်၌ ဖော်ပြထားသည်။

တာဝန်ယူ

တူမူတီဟူဟူသည် နယူးဇီလန်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သဘာဝ အမွေအနှစ်များဆိုင်ရာ ကော်မတီတွင် ၂၀၀၃ခုနှစ်ကတည်းကပင် တာဝန်ယူဆောင်ရွက်လာသူဖြစ်သည်။

ထို့အပြင် တူမူတီဟူဟူသည် ၁၉၉၃ ခုနှစ်တွင် နယူးဇီလန်နိုင်ငံရှိ တွန်ဂါရီရို အမျိုးသားဥယျာဉ်အား ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်စာရင်းဝင်အောင်လည်း ကြိုးစားဆောင်ရွက်ခဲ့သူဖြစ်သည်။

ကြေညာခဲ့

တူမူတီဟူဟူအား ကုလသမဂ္ဂ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များဆိုင်ရာ ကော်မတီ အကြီးအကဲအဖြစ် လစ်သူယေးနီးယား နိုင်ငံတွင် ကျင်းပသည့် ဆွေးနွေးပွဲတစ်ရပ်၌ ဇူလိုင် ၁၆ ရက်က ကြေညာခဲ့ခြင်းဖြစ်သည်။

ဂုဏ်ယူဝမ်းမြောက်

ယခုကဲ့သို့ ရွေးချယ်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း နယူးဇီလန်နိုင်ငံအစိုးရက ဂုဏ်ပြုပြောကြားသည်။ တူမူတီဟူဟူသည် နယူးဇီလန်နိုင်ငံရှိ လူဦးရေ ၁၅ ရာခိုင်နှုန်းရှိသည့် မေဂရီလူမျိုးစု၏ အကြီးအကဲလည်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

လာဘ်စားမှုတိုက်ဖျက်ရေးဌာနသစ် ဗီယက်နမ်၌ ထူထောင်မည်

ဟန္နွိုင်း ဇူလိုင် ၂၀

ဗီယက်နမ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနသည် အထူးသဖြင့် လာဘ်စားမှုကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဌာနသစ်တစ်ခုကို တည်ထောင်သွားမည် ဖြစ်ကြောင်း ဒေသခံထုတ် ယုသ်သတင်းစာက ဇူလိုင် ၁၈ရက်တွင် ဖော်ပြသည်။

ဖော်ပြ

လာဘ်စားမှု တိုက်ဖျက်ရေးဌာန ထူထောင်မှုကို မကြာမီထူထောင်သင့်ကြောင်း၊ ယင်းသို့ တိုက်ဖျက်မှုမှာ ပုံမှန်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုဌာန မထူထောင်မီက သက်ဆိုင်ရာအေဂျင်စီများက လာဘ်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့ကြကြောင်း ပြည်သူ့လုံခြုံရေး ဒုတိယဝန်ကြီး လီသီတီအမ်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာကဖော်ပြသည်။

ဖော်ထုတ်နိုင်

၁၉၉၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်အတွင်း လာဘ်စားမှု ၉၉၆၀ အပါအဝင် စီးပွားရေးဆိုင်ရာပြစ်မှု ၁၇၆၅၃၄ ခုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ဝန်ကြီးက ပြောကြားသည်။

၁၉၉၀ပြည့်နှစ်အတွင်း လာဘ်စားမှုအသီးသီးမှ ရရှိသည့်ငွေကြေးသည် ဗီယက်နမ်ဒေါင်ငွေပျမ်းမျှ သန်း ၇၁၀ (ဒေါ်လာ ၄၄၇၀၀ နီးပါး)ရှိခဲ့သော်လည်း ၂၀၀၀-၂၀၀၄ ကာလအတွင်း ဗီယက်နမ်ဒေါင်ငွေ သန်း ၈၁၀(ဒေါ်လာ ၅၀၉၀၀) အထိ တိုးလာသည်ကို တွေ့ရှိရကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ကိုယ်အလေးချိန်ကျစေသည့် မီရီဒီးယားဆေး အဝလွန်သူများအတွက် ထိရောက်ဟုဆို

နယူးယောက် ဇူလိုင် ၂၀

ကိုယ်အလေးချိန်ကျစေသည့် မီရီဒီးယားဆေးဝါးသည် အသက် ၁၂ နှစ် အောက်ရှိ အလွန်အကျူးကိုယ်အလေးချိန်များနေသော ကလေးများအတွက် စိတ်ချရပြီး ထိရောက်သည့်ကုသမှု ရရှိနိုင်ကြောင်း သုတေသီများက ဇူလိုင်၁၇ ရက်တွင် ပြောကြားသည်။

အလေးချိန်တိုးလာ

အလွန်ဝသည့် အသက် ၁၂ နှစ်မှ ၁၆နှစ်ရှိ ကလေး ၅၀၀ နီးပါးကို လေ့လာခဲ့ရာတွင် မီရီဒီးယားဆေးကိုစားသုံးသည့်ကလေးများနှင့် ကျွမ်းကျင်သူများ၏ လမ်းညွှန်မှုဖြင့် ပြုမူဆောင်ရွက်ခံရသည့် ကလေးများသည် တစ်နှစ်အတွင်း ကိုယ်အလေးချိန်ပျမ်းမျှ ၁၄ ပေါင် ကျဆင်းသွားကြောင်း၊ ယှဉ်ကြည့်ပါက ကျွမ်းကျင်သူများ၏ လမ်းညွှန်မှုခံယူသည့် ကလေးများသာလျှင် ကိုယ် အလေးချိန် ဆက်လက်တိုးလာသည်ကို တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

လေ့လာရေးသား

ယေဘုယျအားဖြင့် စီဘတ်ထရာမိုင်းဟု သိထားကြသော အဆိုပါ မီရီဒီးယားဆေးကို အမေရိကန်ပြည်ထောင်စုတွင် အသက် ၁၆ နှစ် သို့မဟုတ် အသက်ကြီးသည့်သူများအတွက် ကိုယ်အလေးချိန်ကျမှုကို အကူအညီပေးသည့် ဆေးအဖြစ် သဘောကျလျက်ရှိသည်။ အဆိုပါဆေးသည် ဆယ်ကျော်သက် အရွယ် လူငယ်များအတွက်လည်း အတော်ပင်စိတ်ချရပြီး ထိရောက်မှုရှိကြောင်း ဖီလာဒဲလ်ဖီးယားရှိ ကလေးဆေးရုံမှ ဦးဆောင်လေ့လာရေးသားသူ ဒေါက်တာရောဘတ်အယ်လ်ဘာကိုဝစ်က ပြောကြားသည်။

လိုအပ်သေး

မည်သို့ပင်ဖြစ်စေ အဆိုပါဆေးကို စားကြသည့်ငယ်ရွယ်သူများသည် ကိုယ်အလေးချိန်ကျဆင်းမှုကို ထိန်းနိုင် မထိန်းနိုင်နှင့် အဝလွန်မှုနှင့် ဆက်နွှယ်နေသည့် ပုံစံ-၂ဆီးချိုရောဂါနှင့် နှလုံးရောဂါကဲ့သို့ ကျန်းမာရေးပြဿနာများ ဖြစ်လာနိုင် မလာနိုင်ဟူသည့် ရေရှည်တွင် မည်မျှသက်ရောက်မှုရှိသည်ကို သိရှိရေးအတွက် ပိုမိုသုတေသနပြုရန် လိုအပ်သေးကြောင်း ၎င်းက ရိုက်တာသို့ ပြောကြားသည်။

အဆိုပါတွေ့ရှိချက်များကို ၎င်းတို့က အင်န်နဲလက်စ်အော့ဖ်မယ်ဒီဆင်ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ထူးထူးခြားခြားသီချင်းဖျော်ဖြေသူ

ဝေဟင်တွင် စတန့်ထွင်ကာ ထူးထူးခြားခြားသီချင်းသီဆိုနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပသည့်တေးဂီတဖျော်ဖြေပွဲတစ်ရပ် တွင် ကနေဒါနိုင်ငံသား ဆာရစ်ချက် ဘရန်ဆင်ဆိုသူက ရဟတ်ယာဉ်တစ် စင်းပေါ်မှ ကြိုးတစ်ချောင်းကို ဝေဟင်တွင်ဆွဲခိုကာ တေးသီချင်းသီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ကမ္ဘာ့အသေးငယ်ဆုံး ကင်မရာ

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးသော ကင်မရာလေးတစ်ခုကို ပြသနေစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဆန်ယိုကုမ္ပဏီမှ ထုတ်လုပ်ထားသော ဟိုက်ပါအိုင်း အမည်ရှိ ကင်မရာလေးမှာ အလျား ၁၇ မီလီမီတာ၊ အနံ ၁၁ မီလီမီတာနှင့် အမြင့် ၇ ဒသမ ၆ မီလီမီတာရှိရာ ၎င်းကင်မရာလေးသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကင်မရာလေး တစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကျပ် ၈၃ သိန်းတန်ဖိုးရှိ စာအုပ်၊ စာစောင်နှင့် လုပ်ငန်းသုံးပစ္စည်းများ ပန်းတောင်းမြို့နယ်ရှိ ကျေးလက်စာကြည့်တိုက်များသို့လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များသို့ အလှူငွေများ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယို၊ ကက်ဆက်များ၊ စာအုပ်စာစောင်၊ ဘက်ထရီအိုးနှင့် မီးချောင်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အစီအစဉ်အရပန်းတောင်းမြို့နယ် ဥက္ကဋ္ဌ ဦးကျော်တင့်က ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းရခြင်း အကြောင်းပြောကြားသည်။ ဆက်လက်၍ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ရေး အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ကျေးဇူးတင်စကား

ထို့နောက် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ခင်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်တို့က ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယို၊ ကက်ဆက်များ၊ စာအုပ်စာစောင်များ၊ ဘက်ထရီနှင့် မီးချောင်းများကိုပေးအပ်လှူဒါန်းရာ ကျေးလက်စာကြည့်တိုက်အသီးသီးမှ တာဝန်ခံများက လက်ခံရယူကြပြီး နတ်မောက်ကျေးရွာ ရှေ့ဆောင်လူငယ်စာကြည့်တိုက် တာဝန်ခံ ဦးခင်မောင်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ လှူဒါန်းပွဲတွင် ရုပ်မြင်သံကြားဖမ်းစက် ရှစ်လုံး၊ ရေဒီယိုကက်ဆက် ၁၅လုံး၊ ဘက်ထရီအိုးနှင့် မီးချောင်း ငါးစုံ၊ စာအုပ်၅၀၀နှင့် ငွေကျပ်၂၀၀၀၀၀အပါအဝင် စုစုပေါင်း ငွေကျပ်၁၅သိန်းနှ စ်သောင်း လှူဒါန်းခဲ့ရာ ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းသည့် အအောက်အအုံ၊ မြေ၊ ပရိဘောဂ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် စာအုပ်စာစောင်များ၏ တန်ဖိုးမှာ ငွေကျပ် ၈၃သိန်းကျော်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



သံအမတ်ကြီး ဦးသန်းထွန်းအား ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းထွန်းအား ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲ ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၇-၂၀၀၆ရက်
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၁၀	၇။	အကပြိုင်ပွဲ
၈:၂၀	၈။	ဆွာချောင်းရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Parctice In Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၂၅	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၃၅	၈။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၉။	**"မျှော်သူမမောစေချင်"** (စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇:၅၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၈)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၄)

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ဘုရင့်နောင်လမ်း အမှတ် ၃၉ ဦးမောင်ကြင်-ဒေါ်ခင်သန်းမြင့် (ကြယ်ပျံမိသားစု)၊ နိဗ္ဗိန္ဒလမ်းသစ် အမှတ် ၅၅၇ ဦးကျင်ဝင်း-ဒေါ်အုန်းမြင့် မိသားစုနှင့် သာကေတမြို့နယ် အောင်သုခ ၁၉ လမ်း (၆)အရှေ့ရပ်ကွက် အမှတ် ၁၀၈၂ ဦးကိုကိုမောင်-ဒေါ်သန်းသန်းအေး၊ သား မောင်ဟိန်းဇော်ထက်(နှစ်နှစ်ပြည့်မွေးနေ့အလှူ) မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဓမ္မာစရိယ(B.A) အရှင်ကောသလ္လ (မြန်အောင်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ဗိုလ်မှူးမောင်မောင်တင့်-ဒေါ်အေးအေး ၄၉၅ သံဒင်၃ လမ်း ပေါက်တော အင်းစိန် မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဆေးရုံများ၌ ဂီတသံစဉ်များဖြင့် ပူးတွဲကုသသင့်

တေးဂီတနားထောင်ခြင်းသည် စိတ်ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေပြီး ကျန်းမာရေးကို ကြီးမားစွာ အကျိုးပြုစေကြောင်း၊ ထို့ကြောင့် ဆေးရုံများတွင် တေးဂီတသံစဉ်များဖြင့်ပါ ကုသပေးသင့်ကြောင်း လန်ဒန်ရှိ ဆရာဝန်များက ပြောကြားလိုက်သည်။

အာရုံပြောင်းလဲ

လူတို့အနေဖြင့် ကျန်းမာရေးအတွက် တေးဂီတနားထောင်မှုကို မဖြစ်မနေ လုပ်ဆောင်သင့်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုကို အထောက်အကူပြုစေကြောင်း၊ စိတ်အာရုံပြောင်းလဲခံစားမှုသည် ကျန်းမာရေးကို တစ်ဖက်တစ်လမ်းက ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပုံမှန်ပြုလုပ်နေ

ယခုအခါ ဆေးရုံများတွင် တေးဂီတသံစဉ်များ ဖျော်ဖြေမှုကို ပုံမှန်ပြုလုပ်နေပြီဖြစ်ကြောင်း လန်ဒန်မြို့ရှိ ချယ်ဆီးဆေးရုံနှင့် ဝက်မင်စတာဆေးရုံများတွင် ပြုလုပ်ခဲ့ရာ လူနာများ၏ ကျန်းမာရေးတိုးတက်မှု ရလဒ်ကောင်းများရရှိခဲ့သည်ကို တွေ့ရကြောင်း ဤအချက်ကို သုတေသနပြုလျက်ရှိသည့် လန်ဒန်မြို့မှ ဆရာဝန်များက ပြောကြားသည်။

လျော့နည်းခဲ့

ဆေးရုံများပေါ်တွင်ရှိသော လူနာများအား ငြိမ့်ညောင်းသော တေးဂီတသံစဉ်များကို ပုံမှန်နားထောင်စေခဲ့ရာ ဆေးထိုး၊ ဆေးသောက်ရမှုမှာ များစွာ လျော့နည်းခဲ့ကြောင်း၊ နာလန်ထမှုလည်း ပိုမိုမြန်ဆန်လာကြောင်းတွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

လျော့ပါးစေ

သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာရိုဆာလီရာ စတာလီကော့ဖ်က တေးဂီတသည် သွေးတိုးမှုကိုကျဆင်းစေပြီး နှလုံးကျန်းမာရေးကိုလည်း အထောက်အကူပြုကာ စိတ်ကျရောဂါ ဖြစ်ပွားမှုကိုလည်း လျော့ပါးစေကြောင်း ဆက်လက်ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

ဦးယဉ်းနာ အနာဖြစ်မှု နှလုံးရောဂါနှင့်ဆက်နွှယ်

အခြားရောဂါလက္ခဏာနှင့်အတူ ခေါင်းတစ်ခြမ်းကိုက်သည့် ဦးယဉ်းနာ အပြင်းအထန်ဖြစ်ပွားသည့် သက်လတ်အမျိုးသမီးများမှာ သေစေနိုင်သည့် **နှလုံးရောဂါဖြစ်ပွားရန်များကြောင်း အမေရိကန်သုတေသီများက ပြောဆိုသည်။**

စပ်ဖျဉ်းဖျဉ်း

ခေါင်းတစ်ခြမ်းကိုက်သည့် ဦးယဉ်းနာဖြစ်သူ အမျိုးသမီး ၁၀ ရာခိုင်နှုန်းသည် စပ်ဖျဉ်းဖျဉ်းခံစားရမှု သို့မဟုတ် ထုံကျင်မှုနှင့်အတူ ဝက်ရူးပြန်ဖြစ်မည့် လက္ခဏာများ ဖြစ်ပေါ်တတ်သည်။

ဖော်ပြ

ဝက်ရူးပြန်ဖြစ်မည့်လက္ခဏာမရှိဘဲ ခေါင်းတစ်ခြမ်းကိုက်သည့်ဦးယဉ်းနာ ဖြစ်သူတို့မှာ အန္တရာယ်မရှိဟု အမေရိကန် ဆေးပညာအသင်းဂျာနယ်၌ ဖော်ပြထားသည်။

အသက်အရွယ်မရွေး

ခေါင်းတစ်ခြမ်းကိုက်သည့် ဦးယဉ်းနာသည် အသက်အရွယ်မရွေးဖြစ်တတ်သည့် ရောဂါဖြစ်သည်။ သို့သော် အသက် ၂၀ နှင့် ၅၀ ကြားတွင် အဖြစ် များပြီး ဖြစ်လျှင်လည်း ဖြစ်သူများအနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများ ဖြစ်သည်ဟုဆို၏။

(ကိုးကား-အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လဲချားမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး ဖူးမြော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အား လှူဖွယ်ပစ္စည်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက လဲချားမြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ရောက်ရှိရာ ဘုရားကြီး ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့သည် ဘုရားတန်ဆောင်းအတွင်းရှိ မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ကာ ဘုရားကြီးအား လက်ယာရစ် လှည့်လည် ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လဲချားမြို့ အမှတ်(၄) ရပ်ကွက်ရှိ ကုန်းနင်ကျောင်းတိုက်သို့ ရောက်ရှိပြီး သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၇)ဝါရှိ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဦးဝိစိတ္တသာရအား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လဲချားမြို့ ဟော်နန်းကို မော်တော်ယာဉ်ဖြင့် သွားရောက် ကြည့်ရှုကြသည်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လဲချားမြို့ ကုန်းနင်ကျောင်းတိုက်၌ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဝန်ထမ်းများ လုပ်ငန်းတာဝန် ကျေပွန်စွာထမ်းဆောင် ပြည်သူများအသိပညာပေးရေးအချိန်နှင့်တစ်ပြေးညီဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိ၍ ပညာအလင်း ခေတ်မီစာကြည့်တိုက်၊ သင်တန်းခန်းမ၊ ရုံးအဆောက်အအုံနှင့် ပြည်သူများအတွက် အသိပညာပေး မြေစိုက်နံရံကပ်စာစောင် ဆိုင်းဘုတ်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းတာဝန် ကျေပွန်စွာထမ်းဆောင်ရေး၊ ရုံးတွင်း၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းရေး၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရေးတို့ကို မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်အတူ ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် လွိုင်လင်မြို့ရှိ ရတနာစည်ကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာစည်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သီလာနန္ဒအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၀

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (ဇူလိုင် ၃၀ ရက်) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီက အသင်းတိုက်တည်ရာ အမှတ် ၅၅/အယ် ရန်ကုန် အင်းစိန်လမ်းမကြီး (၁၃)ရပ်ကွက် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးသန်းထွေး(ငြိမ်း) ဖုန်း-၆၅၀၁၉၇၊ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဒုတိယဗိုလ်မှူးကြီးတင်ကြိုင် ဖုန်း-၆၈၀၉၁၃ နှင့် ဗိုလ်မှူးခင်မောင်ဇော် (ငြိမ်း) ဖုန်း-၆၆၂၅၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လွိုင်လင်မြို့ ရတနာစည်ကျောင်းတိုက် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာစည်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ၂၂ ဝင်္ကပါလမ်း ဗဟန်းမြို့နယ်နေ (ဦးသန်း-ဒေါ်ကျင်စိန်) တို့အား ရည်စူး၍ သား သမီး မြေးတစ်စု ကောင်းမှုအတွက် အက်ဖ်အီးစီ ၂၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်း နင်းမိ ထန်းတပင်မြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပဲခူးတိုင်း ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ အဖ ဦးကျင်၏ သား ကိုကျော်မြင့် အသက်(၃၅)နှစ်သည် ရွာအနီး တောတွင်းသို့ မျှစ်ချိုးရန် သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိ ပေါက်ကွဲပြီး ဘယ်ဘက်ခြေထောက် ဒူးအောက်မှ ပြတ် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဒဏ်ရာရရှိသည့် ကိုကျော်မြင့်အား သက်ဆိုင်ရာ တာဝန်ရှိသူများက ဇရပ်ကြီးပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ သတင်းဖော်ထုတ် ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

21-7 (07).p65 1 1/2/32, 11:08 PM

✡ **ရှေ့ဖုံးမှ**

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တောင်ရေ ရေလှောင်တမံ ရေပေးမြောင်း ဥမင်နှင့် ရေပို့လွှတ်မှု အခြေအနေများကိုကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြကာကျောက်ပန်းတောင်း-ချောက်ကားလမ်း မိုင်တိုင်အမှတ်(၄၀၁/၆)အနီးရှိ ချောက်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့၏ ခြံစည်းရိုး ကြက်ဆူပင်သုံးဧက စိုက်ခင်းသို့ ရောက်ရှိကြပြီး ချောက်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင် ၃၆၀၀ အား ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၄၀၂/၇)အနီး မိုလာကျေးရွာနှင့် အေးရွာကျေးရွာအကြား၌ ချောက်မြို့နယ် သစ်တောဦးစီးဌာန၏ ခြံစည်းရိုး ကြက်ဆူပင် ဧက ၁၅၀ စိုက်ခင်းအမှတ်(၁/၂၀၀၆)သို့ ရောက်ရှိကြပြီး စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချောက်မြို့နှင့် ဆိပ်ဖြူမြို့တို့ကို ဆက်သွယ်ပေးထားသော ဧရာဝတီမြစ်ကူး အနော်ရထာ တံတားသို့ ရောက်ရှိကြ၍ တံတားကြီး၏ ကြံ့ခိုင်မှု၊ ဧရာဝတီမြစ်၏ ရေစီးရေလာ အခြေအနေနှင့် တံတားကို ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အထက်မြန်မာပြည်) ဒုတိယ အင်ဂျင်နီယာချုပ် ဦးကြူဟင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ကန်တော်-ပေါက်လမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၃/၂)အနီး၌ သစ်တောဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင်ဧက ၁၀၀ စိုက်ခင်းအမှတ်(၆/၂၀၀၆)သို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင် ရှင်သန်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ပခုက္ကူခရိုင် ပေါက်မြို့နယ် နံ့သာကျေးရွာအုပ်စု အင်ပင်တိုင်းကျေးရွာ ယာယီရှင်းလင်းဆောင်၌ ပေါက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ဝါးတောချောင်းမှ ကိုယ့်အားကိုယ်ကိုး ချောင်းရေသောက်စိုက်ကွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုးချဲ့ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ချောင်းရေမခန်းခြောက်စေရန် သစ်ပင်များစနစ်တကျစိုက်ပျိုးထားရှိရေး၊ ချောင်းရေသောက်စနစ်ဖြင့် စပါးစိုက်ပျိုးမှုကို ရေရှည်ဆက်လက်ဆောင်ရွက်သွားရေးနှင့် ချောင်းရေကို မြောင်းဖြင့်သွယ်ယူ၍ စပါးစိုက်ပျိုးမှုကို ဆက်လက်တိုးချဲ့ဆောင်ရွက်ကြရေး မှာကြားသည်။ အဆိုပါဒေသ၌ ယခင်က စပါးစိုက်ဧက ၄ဒသမ၈၄ သာရှိခဲ့ရာမှ ဝါးတောစမ်းချောင်းရေကို မြောင်းသွယ်၍ စပါးတိုးချဲ့စိုက်ပျိုးခဲ့ရာ ယခုအခါ စပါးစိုက်ဧက ၇၄ဒသမ ၅၄အထိ တိုးတက်လာပြီးဆက်လက်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

မွန်းလွဲပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁) ပေါက်တံတား(အုန်းတော)သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အမှတ်(၁)ပေါက်တံတား(အုန်းတော)၏ကြံ့ခိုင်မှု၊ ယောချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အမှတ်(၁)ပေါက်တံတား(အုန်းတော)တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အမှုဆောင်အင်ဂျင်နီယာ ဦးသီလှက ယခင်က ဘေလီတံတားပေ၄၈၀၊ သစ်သားတံတားပေ ၄၈၀နှင့် မြေကြီးချဉ်းကပ်လမ်းပေ ၈၈၀ စုစုပေါင်းပေ၁၈၄၀သာ ရှိခဲ့ရာမှ ယခုတံတားသစ်တွင် ဘေလီသံပေါင်တံတားအရှည်ပေ ၁၃၈၀နှင့် မြေကြီးချဉ်းကပ်လမ်းပေ၅၂၀ စုစုပေါင်း ပေ၁၉၀၀အထိ တည်ဆောက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းထိန်းသိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားကို ရေရှည်တည်တံ့အောင် လိုအပ်သောထိန်းသိမ်းမှုလုပ်ငန်းများကို စီမံဆောင်ရွက်ထားရှိရေး၊ ဒေသခံပြည်သူများကလည်း တံတားကို ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြရေး မှာကြားသည်။

အဆိုပါအမှတ်(၁)ပေါက်တံတား (အုန်းတော)သည် မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ လမ်းပေါ်တွင် တည်ရှိပြီး ယောချောင်းပေါ်တွင် အပေါ်ထည်တစ်လွှာတစ်ထပ် ဘေလီတံတားနှင့် သစ်သားကြမ်းခင်း၊ အောက်ထည်သံကူကွန်ကရစ်ပိုင်တိုင် အမျိုးအစား တံတားဖြစ်သည်။ တံတား၏ အရှည်မှာ ပေ ၁၃၈၀၊ ယာဉ်သွားလမ်း အကျယ် ၁၂ပေ၊ ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၅၅ပေနှင့် အမြင့် ငါးပေရှိသည်။ တံတား၏ ခွင့်ပြုအလေးချိန်မှာ ၁၃တန် ဖြစ်ပြီး တံတားတစ်ခုလုံးကို ၂၀၀၆ခုနှစ် ဇွန်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မကွေးတိုင်း ကျောက်ထုမြို့အဝင်ရှိ ဒေသခံတောင်သူလယ်သမားဦးထွန်းကြိန်၏ ရွှေမြန်မာ စပါးတစ်ဧကခွဲစိုက်ခင်း၌ တောင်သူများ စပါးစုပေါင်း ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စပါးသီးနှံအထွက်တိုးရေး၊ လက်တွန်းထွန်းစက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ အသုံးပြုရေး မှာကြားသည်။

မိုးစပါး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျောက်ထုမြို့မှ မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ် မင်းတပ်မြို့သို့ ဆက်လက်ထွက်ခွာကာ ကျောက်ထု-မင်းတပ်လမ်းတစ်လျှောက်ရှိ မိုးစပါး စိုက်ခင်းများ၊ဒေသဖွံ့ဖြိုးမှုအခြေအနေ၊စိမ်းလန်းစိုပြည်မှုအခြေအနေ၊ လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မင်းတပ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီမြစ်ကူး အနော်ရထာ တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း အမှတ် ၁၂နေ တိ=နိ(ရန်ကုန်ဌာန)အမှုဆောင် ဦးစံထူး-ဒေါ်ခင်နုရီ၊ မောင်ကျော်ဇင်ဦး၊သမီး မနှင်းနုစံမိသားတစ်စုတို့က ဦးစံထူး၏ (၅၈)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝိဇာတနှင့် ဝါဆိုသင်္ကန်းအလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦးကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီးတွင် ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော်(၆၄) နှစ်ပြည့် ဝိဇာတအလှူတော်မင်္ဂလာ အခမ်းအနားနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင်၂၃ ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညို ကုသိုလ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ကေဗွီ၂၃၀ပျဉ်းမနား ဓာတ်အားခွဲရုံသို့ ဇူလိုင်၁၇ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး ဦးစိုးဝင်းက ဓာတ်အားခွဲရုံရှင်းလင်းခန်းမ၌ မဟာဓာတ်အားလိုင်းစနစ်မှ ရရှိသော လျှပ်စစ်ဓာတ်အားကို ပျဉ်းမနားမြို့နယ်နှင့် နေပြည်တော်ဒေသသို့ ဓာတ်အားဖြန့်ဖြူးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ခိုင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ဓာတ်အားပိုမိုဖြန့်ဖြူး ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။ ဝန်ကြီးသည် ဓာတ်အားထိန်းချုပ်ခန်းမနှင့် ကေဗွီ၂၃၀၊ ၃၃ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည်ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သတင်းစာတိုက်သို့ ၃၃ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးထားမှုနှင့် ဓာတ်အားခွဲရုံ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုပြီး နေပြည်တော်သတင်းစာတိုက်အတွင်း ပုံနှိပ်ထုတ်ဝေဆောင်ရွက်နေသည်များအား လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲရေးနှင့် လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် တပ်ကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိလာရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက တပ်ကုန်းနှင့် အနီးတစ်ဝိုက်သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မှာကြားရာတွင် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုမရှိအောင်၊ မသမာသောနည်းလမ်းများဖြင့် ခိုးယူမှုများ ပပျောက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ထမ်းများအနေဖြင့် မီတာဖတ်ခြင်း၊ ငွေကောက်ခံခြင်း တာဝန်များကို ညွှန်ကြားချက်များနှင့်အညီ မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများကလည်း ပံ့ပိုးကူညီ ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလွှင့်စက်ရုံ (နေပြည်တော်)သို့ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်နှင့် စီမံကိန်းလုပ်ငန်း တာဝန်ရှိသူများက ရှင်းလင်းခန်းမ၌ ဝန်ကြီးအား စီမံကိန်းတည်နေရာနှင့် လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရုပ်သံလွှင့်စက်ရုံအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့်အစီအစဉ်ကို ရှင်းလင်းပြောကြားပြီး တည်ဆောက်ပြီးစီးနေသော ရုပ်သံလွှင့်ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်မည့် ၃၃ကေဗွီဓာတ်အားလိုင်းနှင့် တည်ဆောက်လျက်ရှိသော ၃၃ကေဗွီဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးဆေးကန် အရှင်နန္ဒာစရိယ အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်း၌ သာသနာပြု နယ်လှည့်ဓမ္မကထိက သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) (သာသနဓဇဓမ္မာစရိယ၊ ဂဏဝါစကဓမ္မာစရိယ)သည် (ဝါဆိုလကွယ်နေ့) ဇူလိုင် ၂၄ ရက်တွင် တောင်ဥက္ကလာပမြို့နယ်(၁၃)ရပ်ကွက် ဒေဝဒဟလမ်းအောင်မြေလူထုဓမ္မာရုံကြီး၌ မွန်းလွဲ ၂ နာရီတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာတရားများကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားလာရောက်ပြီး နာကြားနိုင်ပါရန် အကျိုးဆောင်အဖွဲ့ကနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

နန့်ဝမ်း သံဘောလီတံတား ပြန်လည်ပြင်ဆင်ရေးဆောင်ရွက် ရန်ကုန်-မုတ္တမ ရထားလမ်းပိုင်းရထားများ ပုံမှန်သွားလာနိုင်

ရန်ကုန် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ကျိုင်းလပ်-တာလေလမ်း မိုင်တိုင်အမှတ် (၂၅/၄) ရှိ နန့်ဝမ်း သံဘောလီတံတားသည် မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေစီးအားကြောင့် ဇူလိုင် ၁၉ရက် နံနက် ၉နာရီခွဲတွင် မြောပါသွားခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သိမ်ဇရပ်ကျေးရွာ သိမ်ဇရပ်ဘူတာနှင့် သိမ်ဇရပ် တံတားအကြားရှိ မိုင်တိုင်အမှတ် (၇၇/၁၄)နှင့် (၇၇/၂၂)အကြား ရထားလမ်း ရေကျော်လျက်ရှိသဖြင့် ဇူလိုင် ၁၉ ရက် ညနေ ၅နာရီတွင် ရထားလမ်းပိုင်းကို ခေတ္တပိတ်ထားခဲ့ပြီး မုတ္တမမှလာသော အမှတ်၉၀ အစုန်ရထားကို သိမ်ဇရပ်ဘူတာ၌ ရပ်တန့်ထားခဲ့ရကြောင်း၊ သို့ရာတွင် ည ၁၀နာရီခွဲ၌ ရေကျ၍ ရထားဖြတ်သန်းနိုင်ပြီဖြစ်သဖြင့် ရထားလမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ရထားများ ပုံမှန်အတိုင်း ပြန်လည်ခုတ်မောင်းသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆည်ဖွင့်ပြီးလို့ရေမြောင်းမှရေဖြင့်စိုက်ပျိုးရေးလုပ်ကိုင်နိုင် သားသမီးမြေးမြစ်တို့အတွက် အကျိုးပြုမည့်ဆည်တစ်ခုဖြစ်

■ **ကျော်ဖုံးမှ**

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အားအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်းပြီးစီးနိုင်မည့် အသေးစား၊ အလတ်စားဆည်မြောင်း စီမံကိန်းများကိုလည်း ဆောင်ရွက်လျက် ရှိသည့်အလျောက်၊ ငါ့သရောက်ဒေသ၌ မြစ်ရေကို လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့်သာမက အကုန်အကျသက်သာစွာဖြင့် ရေကူဖြည့်တင်းပေးနိုင်မည့် ငါ့သ ရောက်ရေလှောင်တမံစီမံကိန်းကို စူးစမ်းလေ့လာတွေ့ရှိချက်အရ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၇)အား တာဝန်ပေးကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရည်ရွယ်ချက်

ငါ့သရောက် ရေလှောင်တမံစီမံကိန်းကို မန္တလေးတိုင်း ပုဂံ–ညောင်ဦးခရိုင် ငါ့သရောက်မြို့၏ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာ၊ ချောင်းမကြီးချောင်းပေါ်တွင် မြေသားတမံတစ်ခုတည်ဆောက်၍ ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေသောက်ဧရိယာများကို ရေကူသွားရန် ရည်ရွယ်ချက်ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

အဓိကလုပ်ငန်း

ငါ့သရောက် ရေလှောင်တမံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေသားတမံတည်ဆောက်မှုလုပ်ငန်း၊ ရေထုတ်ပြွန်နှင့်ရေထိန်းမျှော်စင် တည်ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်း၊ ဆည်ရေသောက်စနစ်တည်ဆောက်မှုလုပ်ငန်းများကို အဓိကလုပ်ငန်းများအဖြစ်ဆောင်ရွက်လျက်ရှိသည်။

ရှင်းပြ

ငါ့သရောက် ရေလှောင်တမံစီမံကိန်းအရ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်း ဦးဆောင်သောအင်ဂျင်နီယာအဖွဲ့က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာ့အလင်းသတင်းအဖွဲ့အား လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းနှင့် ဦးစီးအရာရှိဦးကျော်စိန်တို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပြောပြကြသည်။

ရေဆင်းဧရိယာ

ငါ့သရောက်ရေလှောင်တမံမှာ ရေဆင်းဧရိယာ ၅၄စတုရန်းမိုင်ရှိပြီး မြေသားတမံအမျိုးအစားတမံ အလျား ပေ၇၅၅၀၊ တမံအမြင့် ၆၄ပေရှိသည်။ ရေလှောင်တမံတွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၇၀၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၂၀၀၀နှင့် ကန်ရေပြည့်ရေပြင် ကျယ်ဧရိယာသည် ၃၄၆ဧက ရှိမည်ဟု သိရသည်။

ရေပိုလွှဲ

ငါ့သရောက် ရေလှောင်တမံမှ အချင်း သုံးပေ၊ အလျား ၁၆၉ပေရှိသော သံကူကွန်ကရစ် အမျိုးအစား ရေထုတ်ပြွန်ဖြင့် ရေထုတ်ပေးမည်ဖြစ်ပြီး အမြင့်ဆုံး ကုဗပေ၆၀၊ စက္ကန့် ရေထုစီးနှုန်းဖြင့် ရေထုတ်ပေးမည်ဖြစ်သည်။ ရေလှောင်တမံသို့ စီးဝင်လာသောရေများအနက် လှောင်နိုင်သောရေဧကပေ ၇၀၀၀ထက် ကျော်လွန်လာလျှင် ရေပိုလွှဲမှ ရေများလွှဲပေးရန်အတွက် Broad Cresteds အမျိုးအစားရေပိုလွှဲမှ ရေများလွှဲပေးမည်ဖြစ်ရာ ရေပိုလွှဲ၏ အကျယ်ကို ပေ၁၀၀အကျယ်ထားရှိ တည်ဆောက်ရန် အမြင့်ဆုံး ရေထုစီးနှုန်း ၄၅၆၀ ကုဗပေ စက္ကန့်ဖြင့် လွှဲပေးမည်ဖြစ်သည်။

ငါ့သရောက် ရေလှောင်တမံမှ ပေ ၂၀၀၀ ဆည်ရေပေးဝေမည်ဖြစ်ပြီး သီးနှံဧရိယာဧက၃၀၀၀ကို ၃ဒသမ၃၃ မိုင်ရှည်သော ရေမြောင်းမကြီးမှလက်တံမြောင်း(၁)နှင့်(၂)တို့မှ ရေပေးဝေမည်ဖြစ်သည်။ ငါ့သရောက်ရေလှောင်တမံမှ စိုက်ပျိုးရေများ ဖြန့်ဖြူးရေးတို့အတွက် မဆောင်ရွက်နိုင်သေးသော်လည်း အနီးအနားဒေသမှ ကျေးရွာများအား သောက်သုံးရေအတွက် ရေများကို ခပ်ယူသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးသောကြောင့် ကျေးရွာများမှ ရေများယူငင်သုံးစွဲလျက်ရှိကြသည်။

ဒေသခံတိုင်းရင်းသား

လောလောဆယ် ရေလှောင်တမံတည်ဆောက်ခြင်းကြောင့် သောက်သုံးရေရရှိသုံးစွဲနိုင်ခြင်းကြောင့် ဒေသခံကျေးရွာသူ ကျေးရွာသားများ၏ ခံစားရမှုကို တွေ့ဆုံ မေးမြန်းခဲ့ရာ ရှေးဦးစွာ ငါ့သရောက်ဆယ်ရွာမှ ထန်းတောင်သူ ဦးမိုးမောင်အား မြန်မာ့အလင်းက မေးမြန်းရာတွင် "ငါ့သရောက်ရေလှောင်တမံစီမံကိန်းကို တည်ဆောက်လိုက်ခြင်းကြောင့် ကျေးရွာများတွင် အကျိုးရှိပါကြောင်း၊ ယခင်က ဤဒေသတွင် မိုးခေါင်ရေရှားဒေသဖြစ်ပါကြောင်း၊ နွေဘက်တွင် ရေအခက်အခဲတွေ့ကြရကြောင်း၊ ယခု ဆည်မဖွင့်ရသေးမီပင် သောက်ရေသုံးရေအတွက် ရရှိအသုံးပြုနိုင်သော အကျိုးကျေးဇူးကိုခံစားနေရပါကြောင်း၊ လူသာမဟုတ်ပဲ ကျွဲနွားများအတွက် ရေရရှိနေကြောင်း၊ ဆယ်ရွာတွင် အိမ်ခြေတစ်ထောင်ခန့်ရှိပါကြောင်း၊ ယခင်က နွေရာသီကျရောက်၍ ရေရှားလျှင် ရေရရှိနိုင်သောဒေသတွင် သွားရောက်သယ်ယူသုံးစွဲရပါကြောင်း၊ ယခုကဲ့သို့ လောလောလတ်လတ်ပင် သောက်သုံးရေရရှိအသုံးပြုနိုင်လာပြီဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်ရပါကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ ငါ့သရောက်ဆယ်ရွာမှ ထန်းတောင်သူ ဦးသောင်းရွှေအား မေးမြန်းရာမှ ပြောကြားရာတွင် "ယခင်အချိန်များက မိုးတွင်းမှာပင် ရေလုံလောက်အောင်မရပဲ၊ နွေအခါကျလျှင် ပိုမိုဆိုးရွားပါကြောင်း၊ ဆည်ကြီး ရှိလာသည့်အတွက် စိုက်ပျိုးရေအပြင် သောက်ရေ သုံးရေရရှိနေပါကြောင်း၊ ဆည်ကြီး တည်ဆောက်ခြင်းအတွက် အများကြီး ဝမ်းသာရပါကြောင်း၊ သောက်ရေသုံးရေမှ အစ ကျွဲ နွား တိရစ္ဆာန် အထိ သောက်ရန်ရေများ ဖူလုံအောင် ရရှိလာပါကြောင်း၊ ရေများကို နွားလှည်းဖြင့် တိုက်ယူကြပါကြောင်း၊ ကြိုက်သလောက်လုံလောက်အောင် သယ်ယူခွင့် ရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ဆည်မြောင်းဦးစီးဌာနကို ကျေးဇူးတင်ရပါကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့နောက် ဆယ်ရွာတွင်နေသော ဒေါ်အုန်းကျင်အားတွေ့ဆုံမေးမြန်းရာတွင် "ငါ့သရောက်ဆည်ကို မိမိတို့ဒေသမှာ လာရောက်တည်ဆောက်ပေးသည်ကို အများကြီးကျေးဇူးတင်ပါတယ်၊ လောလောဆယ် နွားလှည်းများဖြင့် သောက်ရေသုံးရေများကို ကျွဲနွားသုံးရေများ လုံလုံလောက်လောက် သောက်သုံးနေရပါတယ်၊ ယခင်က တမံကြီးနောက်ဘက်ရှိ ကိုယ့်အားကိုယ်ကိုး သောက်သုံးရေကို အောင်မင်္ဂလာကန်မှာသွားရောက်သယ်ယူကြရပါတယ်၊ နွေဘက်ရောက်ရင် တစ်တိုင်လောက်ဝေးသောချောင်းမှာ ရေသွားခပ်ယူရပါတယ်၊ ယခုလို ရေကို ဖောဖောသီသီ၊ မိသားစုအတွက်ရော ကျွဲနွားသုံးရေ အတွက်ရော၊ ရေများရတာကို ဝမ်းလည်းသာရပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ဆည်မှ သောက်သုံးရေကိုရေပိုက်မှ တစ်ဆင့် သောက်သုံးရေလဲ ရမည်ကို သိရပါတယ်၊ ဆည်ဖွင့်ပြီးလို့ရေမြောင်းများမှ တစ်ဆင့်ရေပေးမယ်လို့ သိရပါတယ်၊ အဲဒီရေမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေး လုပ်နိုင်ကြမှာဖြစ်လို့ ပိုမိုအကျိုးရှိမှာဖြစ်ပါတယ်။ အထူးပဲဝမ်းသာပါတယ်၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တကွ ဆည်ကြီး တည်ဆောက်ကြတဲ့ ပုဂ္ဂိုလ်အားလုံးကိုကျေးဇူးတင်ပါတယ်၊ အထူးသဖြင့် မိမိတို့ မမီသည့်တိုင် သားသမီးမြေးမြစ်အတွက် အကျိုးပြုမယ့် ဆည်လို့ ပြောလိုပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ငါ့သရောက် ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ငါ့သရောက်နယ်ရှိ ရေသောက်ဧရိယာဧက၂၀၀၀ခန့်ကို ရေပေးဝေနိုင်ခြင်းနှင့် သောက်သုံးရေဖူလုံစေခြင်းတို့အပြင် ဒေသအတွင်း စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း သတင်းမြင်ကွင်းအဖြစ်ကွင်းဆင်းတင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

"ငါ့သရောက်ဆည်ကို မိမိတို့ဒေသမှာ လာရောက်တည်ဆောက်တဲ့အတွက် လောလောဆယ် သောက်သုံးရေ လုံလုံလောက်လောက် ရရှိနေပါပြီ"

ဆယ်ရွာသူ–ဒေါ်အုန်းကျင်
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

"ငါ့သရောက် ရေလှောင်တမံက မိမိတို့ သောက်ရေသုံးရေ ရရှိသည့်အတွက် နိုင်ငံတော်နှင့်တကွ တည်ဆောက်ပေးသည့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်"

ဦးသောင်းရွှေ(ဆယ်ရွာ)
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



"ယခင်က ဤဒေသမှာ မိုးခေါင်ရေရှားဒေသဖြစ်ပြီး နွေဘက်မှာ ရေအခက်အခဲတွေ့ကြရပါတယ်။ ယခုဆည် မဖွင့်ရသေးမီ သောက်သုံးရေရရှိ အသုံးပြုနိုင်တဲ့ အကျိုးကျေးဇူးကို ခံစားနေရပါပြီ"

ဦးမိုးမောင်
ဆယ်ရွာမှ ထန်းတောင်သူ
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ယူ၍ မန္တလေးတိုင်း ညောင်ဦးခရိုင်အတွင်းရှိ မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အုန္နဲချောင်း ကျေးရွာအနီး ငါ့သရောက်လျှပ်စစ် မြစ်ရေတင် လုပ်ငန်းဆောင်ရွက်ပြီးစီးပြီး ပင်မစခန်း(၁)မှ တူးမြောင်းမကြီးသို့ မြစ်ရေတင်ပေးနေသည်ကို ဇွန်၂၈ ရက်က ဤသို့တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆည်ရေကို ဒေသခံတို့ သောက်သုံးရေအဖြစ် ဤသို့ရရှိနေကြပြီ။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရပ်ကွက် ၁၅၃လမ်း အမှတ် ၃၁ နေ မိခင်ကြီး ဒေါ်ခင်ခင်မြ (၈၃)နှစ်မြောက် မွေးနေ့အဖြစ် အလှူတော်ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးချုပ်သိန်းဌေး–ဒေါ်မြင့်မြင့်ခိုင် ယောမင်းကြီးလမ်း မိသားစုကငွေကျပ်လေးသောင်းတို့ကို ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီ လက်ခံရယူ ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမိသားစု၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်၁၈ရက်နံနက်၁၀နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိ ဝန်ကြီးဌာနဓမ္မာရုံ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်တို့ တက်ရောက် ကြည်ညိုကြပြီး ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများမိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်းရှူးပင်ပျို လေညင်းချို ပင်လုံတက္ကသိုလ်

“ပန်းကလေးများပွင့်တော့မည်
ဖူးတံဝင့်လို့ချီ
နေခြည်မှာ ရွှေရည်လောင်း
ငါတို့စာသင်ကျောင်း။”

စိုင်းစိုးမင်းလတ်
(သချ်ာ/ပင်လုံတက္ကသိုလ်)

စာရေးသူတို့ ငယ်စဉ်အရွယ် စတင်ပညာသင်ကြားချိန်တွင် သင်ကြားခဲ့ရသည့် ကဗျာလေးတစ်ပုဒ် ဖြစ်သည်။ မင်္ဂလာကျက်သရေအပေါင်း ပြည့်စုံခညောင်းနေသည့် ပင်လုံတက္ကသိုလ်၏ ဘွဲ့နှင်းသဘင် အခမ်းအနားက ယင်းကဗျာလေး၏အဓိပ္ပာယ်ကို ပိုမိုထိရောက်ပြည့်စုံအောင် ဖော်ဆောင်ပေးနေသည်။

ဘွဲ့နှင်းသဘင်ကို တက်ရောက်မည့် ပင်လုံတက္ကသိုလ်ကျောင်းသားကျောင်းသူများသည် လွန်စွာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသည့်အပြင် သူသူငါငါ ကိုယ်စီကိုယ်င နှလုံးပီတိ ဂွမ်းဆီထိသည့်နှယ် ဘာသာရပ်အလိုက် ဘွဲ့ပေးအပ်ခဲ့သော ကျောင်းသား ကျောင်းသူစာရင်းမှာ သချ်ာ ၂၅ဦး၊ ရူပဗေဒ ၃၆ဦး၊ ဓာတုဗေဒ၁၆ဦး၊ ရက္ခဗေဒ ၁၁ဦး၊ ဘူမိဗေဒ ၁၉ဦး၊ ပထဝီဝင် ၁၃ဦး၊ အင်္ဂလိပ်စာ၊ သတ္တဗေဒ၊ သမိုင်း၊ ဒဿနိကဗေဒတို့မှ ၁၇ဦး စုစုပေါင်း၁၃၇ဦးတို့ ဖြစ်ကြသည်။

ပင်လုံတက္ကသိုလ်တွင် ပညာသင်ကြားနေသည့် အတန်းအလိုက်နှင့် နေ့ကျောင်းတက်နှင့်အဝေးသင် တက်ရောက်သူများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ပင်လုံတက္ကသိုလ်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူစာရင်း
(နေ့ကျောင်းတက်နှင့် အဝေးသင်ကျောင်းသားစာရင်း)

စဉ်	ဘာသာရပ်	နေ့တက်ကျောင်းသားစာရင်း								အဝေးသင်ကျောင်းသားစာရင်း				
		ပထမနှစ်	ဒုတိယနှစ်	တတိယနှစ်	စတုတ္ထနှစ်	ပ-ဂုဏ်	ဒု-ဂုဏ်	မဟာတန်း	ပေါင်း	ပထမနှစ်	ဒုတိယနှစ်	တတိယနှစ်	ပေါင်း	စုစုပေါင်း
၁။	မြန်မာစာ	၉	၄	၄	–	–	–	–	၁၇	၃၃	၄၄	၆၈	၁၄၅	၁၆၂
၂။	အင်္ဂလိပ်စာ	၄	၉	၂	–	၁	–	၁	၁၇	၂	၁၁	၁၂	၂၅	၄၂
၃။	ပထဝီဝင်	၅	၇	၅	–	၂	၄	–	၂၃	၇၇	၁၂၂	၁၇၃	၃၇၂	၃၉၅
၄။	သမိုင်း	၃	၁	၈	–	–	–	–	၁၂	၂၅	၄၆	၈၆	၁၅၇	၁၆၉
၅။	ဒဿနိကဗေဒ	၁၈	၁၁	၈	–	–	–	–	၃၇	၇	၁၃	၅၃	၇၃	၁၁၀
၆။	အရှေ့တိုင်း	၁	–	၇	–	–	–	–	၈	–	–	–	–	၈
၇။	ဥပဒေ	၂၈	၂၀	၁၂	၁၀	–	–	–	၇၀	၂၂	၃၄	၇၄	၁၃၀	၂၀၀
၈။	ဓာတုဗေဒ	၂၁	၁၇	၁၃	–	–	၁	၁	၅၃	–	–	၁	၁	၅၄
၉။	ရူပဗေဒ	၂၁	၂၇	၂၆	–	၁	၃	၃	၈၁	–	–	–		၈၁
၁၀။	သချ်ာ	၂၆	၁၆	၂၆	–	–	–	၃	၇၁	–	–	–		၇၁
၁၁။	သတ္တဗေဒ	၂၁	၁၆	၉	–	၂	၂	၂	၅၂	–	–	–		၅၂
၁၂။	ရက္ခဗေဒ	၁၅	၂၁	၁၄	–	–	–	–	၅၀	–	–	–		၅၀
၁၃။	ဘူမိဗေဒ	၂၄	၁၃	၁၁	–	–	–	–	၄၈	–	–	–		၄၈
၁၄။	စီးပွားရေး									၁၈	၄၀	၃၆	၉၄	၉၄
၁၅။	စီးပွား/စီမံ									၆	၁၄	၂	၂၂	၂၂
	စုစုပေါင်း	၁၉၆	၁၆၂	၁၄၅	၁၀	၆	၁၀	၁၀	၅၃၉	၁၉၀	၃၂၄	၅၀၅	၁၀၁၉	၁၅၅၈

အပြုံးပန်းများ ဝေဆာနေကြသည်။ ဘွဲ့နှင်းသဘင်ကို တက်ရောက်လာကြသည့် မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများသည်လည်း အပြုံးပန်းများ ဝေဆာရွှင်မြူးနေကြသည်။ မိဘများသည် အခက်အခဲများကြားမှ ပေးဆပ်ခဲ့ရမှုတာဝန်ဝတ္တရားများ တစ်ခန်းတစ်ကဏ္ဍပြီးဆုံးခဲ့သည့်အတွက် မောပန်းနွမ်းနယ်ခဲ့မှုများသည် ပိန်းကြာရွက်ပေါ် ရေစက်မတင်သည့်နှယ် ပျောက်ဆုံးကုန်ပြီဟု ထင်ရသည်။ သင်ကြားပြသပေးခဲ့သည့် ဆရာ ဆရာမများသည်လည်း ထိုနည်းတူရှိကြမည်ဟု ထင်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဖွံ့ဖြိုးရေးဇုန် ၂၄ဇုန်သတ်မှတ်ရာတွင် ပင်လုံဒေသကို ဖွံ့ဖြိုးရေးဇုန်တစ်ခု အနေဖြင့် သတ်မှတ်ပေးခဲ့ပြီး လွိုင်လင်ခရိုင် ပင်လုံဒေသတွင် ပင်လုံတက္ကသိုလ်တစ်ခု၊ နည်းပညာကောလိပ်တစ်ခု၊ ကွန်ပျူတာကောလိပ်တစ်ခုနှင့်အတူ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးတစ်ရုံကို ၂၀၀၂ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်ရာ ပင်လုံတွင် ဉာဏ်တော်အမြင့် ၁၃၅ပေရှိ မဟာရဋ္ဌာဘိသာမင်္ဂစေတီတော်တစ်ဆူ တည်ထားပေးခဲ့သည်။ စေတီတော်ကြီးမှာ လွန်စွာသပ္ပာယ်ပြီး စေတီတော်ကြီးကြောင့် ပင်လုံမြို့သည် ပိုမို၍ ကျက်သရေအပေါင်း ခညောင်းနေသည်။

ပင်လုံမြို့သည် ၂၁-၅-၂၀၀၆ရက် (တနင်္ဂနွေနေ့)တွင် ပို၍ပို၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသည်။ အဘယ်ကြောင့်ဆိုသော် ပင်လုံတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပခဲ့သောကြောင့် ဖြစ်သည်။

ပင်လုံတက္ကသိုလ်မှ ဘွဲ့ရကျောင်းသားကျောင်းသူ ၁၃၇ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ပင်လုံတက္ကသိုလ်မှ အထူးပြု

ပင်လုံတက္ကသိုလ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံမြို့မှ လဲချားသို့အထွက် နှစ်မိုင်ခန့်တွင် ခံ့ညားထည်ဝါစွာ တွေ့မြင်နိုင်သည်။ ပင်လုံတက္ကသိုလ် ဘေးပတ်ပတ်လည်တွင် ထင်းရှူးပင်များ ပတ်လည်ဝန်းရံလျက်ရှိသည်။ အေးချမ်းသာယာပြီး စိတ်အေးချမ်းသာစွာ၊ စိတ်ချမ်းမြေ့စွာပညာသင်ကြားနိုင်သည်။ လွန်စွာရှုခင်း ရှုကွက်ကောင်းသော နေရာတစ်ခုဖြစ်သည့်အပြင် ရာသီဥတုသည်လည်း တစ်နှစ်ပတ်လုံး အေးချမ်းမှုကိုပေးစွမ်းနေသည်။ ထို့ကြောင့် ပင်လုံတက္ကသိုလ်ကို **“ထင်းရှူးပင်ပျို လေညင်းချို ပင်လုံတက္ကသိုလ်”**ဟု တင်စားချင်သည်။

“နုသောပန်းလေးဘယ်ကလာ
မာသောမြေကိုတိုးထွက်လာ
ရိုးမတောင်ကြီးဘာလို့မြင့်
သဲမြေကျောက်ပွင့်စုပုံဆင့်
ကြိုးစားကာသင်အံပေး
ဒို့ပြည်ထောင်စု ငြိမ်းချမ်းရေး”

ဆိုသည့် နိုင်ငံအကျိုးပြု ရုပ်ရှင်ဇာတ်လမ်းတစ်ခုတွင်ပါဝင်သော ကဗျာအတိုင်း ပင်လုံတက္ကသိုလ်သည် ခက်ခဲမာကြောသည့်ကြားမှ ပေါက်ဖွားလာသော၊ နူးညံ့သိမ်မွေ့သော ပန်းကလေးများကို ဖူးပွင့်ဝေဆာသည်အထိ မွေးဖွားသန့်စင်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နောင်အနာဂတ်တွင်လည်း ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်ရာ ပင်လုံမြေကို အစွဲပြု၍ ပေါ်ပေါက်လာသော ပင်လုံတက္ကသိုလ်ကြီးမှ လွိုင်လင်ခရိုင်အတွင်းရှိ တန်ဖိုးရှိသောပန်းများ ဆက်လက်ပွင့်လန်းလာတော့မည် ဖြစ်သည်။ ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ နေနတ်သားစာသင်တိုက်၌ ဝါဆိုဝါကပ်၍ သာသနာပြုတော်မူကြမည့် နာယကစာချ၊ စာသင်သံဃာတော် အရှင်သူမြတ်တို့အား (၄၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၈ရက်က နေနတ်သားစာသင်တိုက်ကြီး၌ ကျင်းပရာ အလှူရှင်များက တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

လူနာရောဂါသက်သာပျောက်ကင်းမှုသည် အကြင်နာ၊ စေတနာ၊ စာနာမှုအပေါ်မူတည် နေ့စဉ်ကုသိုလ်ယူမှုအဖြစ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း၊ ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးသောင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၈ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့လမ်းမတော်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံရာ ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ အဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှု၊ စာသင်ကြားရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ ဆရာဝန်များသည် နိုင်ငံတကာအဆင့်မီ ပညာရှင်များဖြစ်သည့်အလျောက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စေတနာထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ကျေးဇူးကို သိတတ်သည့်အလျောက် ကုသိုလ်ရသည့် ဇီဝိတဒါနအလုပ်ကို စေတနာသန့်သန့်ဖြင့် ပြည်သူ့အကျိုးအတွက် ဝိုင်းဝန်းစောင့်ရှောက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(၁)လမ်းမတော်စာသင်ဆောင် ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် စာသင်ကြားမှု အခြေအနေများကို လည်းကောင်း၊ ဆေးပညာသင်ကြားရေး စွမ်းအားစု ဗဟိုဌာနအဆောက်အအုံရှိ ကျောင်းသားရေးရာဌာန၊ ကွန်ပျူတာဌာန၊ စာကြည့်တိုက်၊ စာဖတ်ခန်း၊ Reference Room၊ Electronic Library Room၊ Stack Room များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း မှာကြားသည်။

သူနာပြုတက္ကသိုလ်(ရန်ကုန်)

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သူနာပြုတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာခင်မေအုန်းနှင့် ပါမောက္ခ၊ ဌာနမှူးများအားတွေ့ဆုံရာ ပါမောက္ခချုပ်က သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ သမိုင်းကြောင်းနှင့် သင်ကြားရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက သူနာပြုများအနေဖြင့် ဆရာဝန်၏ ကုသမှုပိုမို စွမ်းဆောင်ထိရောက်အောင် လူနာပြုစုကုသမှုတွင် အဓိကကျသူများဖြစ်ကြောင်း၊ လူနာတစ်ဦး၏ ရောဂါသက်သာပျောက်ကင်းမှုသည် သူနာပြုတစ်ဦး၏ အကြင်နာ၊ စေတနာနှင့် စာနာထောက်ထားမှု အရင်းခံစိတ်ထားအပေါ်မူတည်ကြောင်း၊ လူနာများအား ပြုစုကုသမှု ဇီဝိတဒါနကုသိုလ်လုပ်ငန်းကို နေ့စဉ် ကုသိုလ်ယူမှုအဖြစ် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန် တိုင်းရင်းဆေးရုံကြီးသို့ သွားရောက်စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောတွေပြုန်း ရေမြေဆုံး
ပျက်သုဉ်းကမ္ဘာ မရှည်ကြာ
သစ်တောတွေစိမ်း ရေမြေထိန်း
ဖွံ့ဖြိုးကမ္ဘာ လွန်ရှည်ကြာ

အစိုးရနည်းပညာကောလိပ်(ဟသ်ာတ)သုံးထပ်ကျောင်းဆောင် ဆောက်လုပ်မှု တိုင်းမှူးပိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှု၊ ဟသ်ာတ-ဇလွန်ကားလမ်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက အစိုးရနည်းပညာကောလိပ်(ဟသ်ာတ)သုံးထပ်ကျောင်းဆောင် အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တိုင်းမှူးအား ဆောက်လုပ်ရေးတာဝန်ခံ ဦးစန်းဝင်းက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာ ဇာနည်လင်းက ကျောင်းအုပ်ချုပ်မှု လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးကတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဟသ်ာတမြို့တွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဟသ်ာတ-ဇလွန်ကားလမ်း၊ လမ်း-တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ဇကာကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး စုဝေးခန်းမတွင် ဒေသခံရပ်မိရပ်ဖများ၊ ပြည်သူများအား တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ဓနုဖြူမြို့တွင်းလှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဓနုဖြူမြို့သို့ရောက်ရှိ၍ ဓနုဖြူမြို့တွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်း အဝေးခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကို တွေ့ဆုံရာ ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က ဓနုဖြူမြို့နယ်အတွင်း သဘာဝရေဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး အစီအစဉ်အများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် ဓနုဖြူ-ရန်ကုန်ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ မိုးစပါးစိုက်ခင်းများ လမ်းနှင့်တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်မြတ်ထွန်းတံတား ရိပ်သာသို့ရောက်ရှိကြရာ တိုင်းမှူးအား ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဗိုလ်မြတ်ထွန်းတံတားအဝင်ရေစီးကြောင်းနှင့် တံတားရေလယ်တိုင်များ ကြွခိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Tourism Training Program for Front-Liners **သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အမှာစကားပြောကြားစဉ်။** (ဟိုတယ်/ခရီး)

မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှုကို ပြသ ဂျပန်မှ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုဝင်ရောက်ရေး အထောက်အကူပြု

ရန်ကုန် ဇူလိုင် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ASEAN- Japan Centreတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် "Tourism Training Program for Front-Liners" သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဒူးစစ်အင်းယားကန်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးခင်ဇော်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ASEAN- Japan Centre, Tourism Division မှလက်ထောက်ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီးကအမှာစကား ပြောကြားရာ၌ ယခုသင်တန်းသည် မြန်မာ-ဂျပန် ချစ်ကြည် ရင်းနှီးမှုကို ပြသခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုဝင်ရောက်ရေးအထောက်အကူပြုကြောင်း၊ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားများ အနေဖြင့် ကြိုးစားသင်ကြားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ASEAN-Japan Centreမှ Asst. Director Mr. Joukei-Fuchigamiက အမှာစကားပြောကြားပြီး နည်းပြများနှင့် မိတ်ဆက်ပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ် ကျင်းပရာ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က သင်တန်း ဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

အဆိုပါ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းသို့ ဝန်ကြီးဌာနနှင့် ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်များမှ သင်တန်းသား ၆၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှည့်စား မြန်မာဇာတ်ကားသစ်ရုံတင် မော်ဒန်အချစ်များဇာတ်ကား ဆက်လက်ပြသဆဲ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇူလိုင် ၂၀

ဒါရိုက်တာ သိန်းဟန်(ဖီးနစ်) ရိုက်ကူးသည့် **လှည့်စား** မြန်မာဟာသဇာတ်မြူးကားမှာ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ယနေ့ရုံဝင်လာသည်။ မန္တလေးမြို့တွင် ဝင်းလိုက်နှင့်မြို့မရုံများတွင် လည်းကောင်း၊ တောင်ကြီးမြို့တွင် ဗန္ဓုလရုံနှင့် မြိတ်မြို့ဂုဏ်အဆင့်မြင့်ရုံများတွင် လည်းကောင်း **လှည့်စား** ဇာတ် ကား တစ်ပြိုင်တည်းရုံတင်ပြသလျက် ရှိသည်။

အချိန်မှာ ၁၉၆၀ ပြည့်နှစ်အတွင်းက ဖြစ်သည်။ ဒါရိုက်တာ ဦးမိုးဒီသည် ခေါင်းဆောင်မင်းသား ဇော်လတ်နှင့် မင်းသမီးခိုင်မြဇင်တို့ ပါဝင်သောဇာတ်ကားကို နယ်ထွက်ရိုက်ကူးပြီး ပြန်လာစဉ် ဓားပြတိုက်ခံရသည်။ ဓားပြများက ခုနစ်ရက်အတွင်း ငွေကျပ်ငါးသောင်းနှင့်လာရွေးရန် ဓားစာခံများကို ဖမ်းထားကာ မင်းသားတပည့် သက်ဝင်းနှင့်မင်းသမီး မိတ်ကပ်ဆရာမ မာမီခင်တို့ကို ငွေယူခိုင်းလိုက်သည်။

ရုပ်ရှင်အဖွဲ့ကို ဖမ်းထားစဉ်အတွင်း မင်းသမီးကို သဘောကျနေသော ဓားပြဗိုလ်၊ သေနတ်အတုကိုစွဲနဲ့ ပတ်သက်ပြီး မင်းသမီးအပေါ် စိတ်ဆိုးနေသောမင်းသား၊ မင်းသားကို အရွဲ့တိုက်ရင်း ဓားပြဗိုလ်နှင့် ချိတ်တိတ်တိတ်ဖြစ်နေသော မင်းသမီးတို့ ဇာတ်လမ်းကို ဟာသနှောကာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

လှည့်စား တွင် ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည်၊ ပြည့်ဖူးခိုင်၊ သားညီ၊ ခင်လှိုင်၊ မိုးဒီ၊ ချစ်ဖွယ်နှင့် ဟာသသရုပ်ဆောင်၊ လူကြမ်းပေါင်းစုံ ပါဝင်ထားသည်။

လှည့်စားဇာတ်ကားမှ ဒွေးနှင့် ကျော်ရဲအောင်။

ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်၏ **မော်ဒန်အချစ်များ** ဇာတ်ကား ရှေ့ဆောင်၊ စံပြ၊ သီတာနှင့် ရွှေမန်းရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။ နေပြည်တော်ရုံတွင် X-Men (3) (The Last Stand) နိုင်ငံခြားဇာတ်ကား ပြသဆဲဖြစ်သည်။

လာမည့် သောကြာပတ်တွင် **နှောင်ကြိုးဖွဲ့သံယောဇဉ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား စံပြရုံတွင် ရုံဝင်လာမည်ဖြစ်သည်။ **နှောင်းကြိုးဖွဲ့သံယောဇဉ်** တွင် ရန်အောင်၊ ဇင်ဝိုင်း၊ သူထူးစံ၊ ပြည့်စုံ၊ လှအဥ္စလီတင့်၊ မေထွဋ်ခေါင်နှင့် စိုးမိုးကြည်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

မော်ဒန်အချစ်များ ဇာတ်ကားမှ ရန်အောင်နှင့် တင့်တင့်ထွန်း။

နိုင်ငံခြားဇာတ်ကားများ

ဆုထူးပန်ရုံတွင် ဘော်ဘီဒိုးလ်နှင့်ကာဂျိုးတို့ ခေါင်းဆောင်ပါဝင်ထားသော အကယ်ဒမီသုံးဆုရဇာတ်ကား Gupt ရုံဝင်လာသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် Surf Ninjas ဇာတ်ကားနှင့် ရွှေဂုန်ရုံမြေညီထပ်တွင် Kyaa Dil Ne Kahaa ဇာတ်ကားပြသလျက်ရှိသည်။ မြို့မရုံတွင် ကိုရီးယားအချစ်နှင့်အက်ရှင်ဇာတ်ကား Bichunmoo ဖြင့် ဆက်လက်ဖျော်ဖြေလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ကမ္ဘာ့ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေး နည်းဗျူဟာအဖွဲ့အစည်းနှင့် အာရှ သဘာဝဘေး ကာကွယ်ရေးဗဟိုဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ပူးပေါင်း စီစဉ်ကျင်းပသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆက်သွယ်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ တက္ကသိုလ်နှင့်ကျောင်းများမှ ဌာနအကြီးအကဲများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ သံရုံး ယာယီတာဝန်ခံ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ သဘာဝဘေးကာကွယ်ရေး ဆောင်ရွက်နေသော ပုဂ္ဂိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဒေသခံ ကိုယ်စားလှယ်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှ သဘာဝဘေးကာကွယ်ရေး ဗဟိုဌာနမှ ပညာရှင်များ တက်ရောက်ကြသည်။

နည်းလမ်း

ဆွေးနွေးပွဲတွင် အာရှ သဘာဝဘေးကာကွယ်ရေး ဗဟိုဌာနမှ ပညာရှင်များက ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များက မိမိတို့ဒေသတွင် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ သဘာဝဘေး ကျရောက်စဉ်နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်မှု အခြေအနေများ၊ လက်ရှိ သတိပေးစနစ်၏ ဟာကွက်များ၊ လိုအပ်ချက်များ၊ ပြုပြင်သင့်သည့် အချက်များ၊ အထူးသဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ရာတွင် အဓိကကျသည့် ဆက်သွယ်ရေးဆိုင်ရာ ထိရောက်မှုနည်းလမ်းများကို ဆွေးနွေးကြသည်။

ရွေးချယ်တင်မြှောက်

အာရှ သဘာဝဘေးကာကွယ်ရေး ဗဟိုဌာနသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌အခြေစိုက်သော ဒေသဆိုင်ရာ သဘာဝဘေး လျော့ပါးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မော်လဒိုက်၊ မြန်မာ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများအတွင်း သဘာဝဘေးလျော့ပါးရေး၊ ကာကွယ်ရေးတို့အတွက် ကြိုတင်သတိပေးခြင်းများကို ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ယခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အာရှသဘာဝဘေး ကာကွယ်ရေး ဗဟိုဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီကို ၂၀၀၆ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်သည် နှစ်နှစ်တာကာလအတွက် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ **(သတင်းစဉ်)**

မေဝါးကလပ် အငယ်တန်းစနုကာပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမရရှိသွားသော အာကာစိုးရင်(မေဝါးကလပ်)အား မေဝါးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးသိန်းဇော်က ငွေသားဆု ကျပ်နှစ်သိန်းခွဲ ချီးမြှင့်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

အငယ်တန်း စနုကာပြိုင်ပွဲ မေဝါးကလပ်မှ အာကာစိုးရင် ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၀

မေဝါးကလပ် အငယ်တန်းစနုကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီခွဲက သိမ်ကြီးဈေး (D)ရုံ ခြောက်ထပ်ရှိ မေဝါး ဘိလိယက်နှင့် စနုကာခန်းမတွင်ကျင်းပရာ အငယ်တန်းစနုကာ ဗိုလ်လုပွဲတွင် မေဝါးကလပ်မှ အာကာစိုးရင်နှင့် ဇေယျာထက်တို့ ယှဉ်ပြိုင်ကြရာ အာကာစိုးရင်က လေးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး ငွေသားဆု ကျပ်နှစ်သိန်းငါးသောင်း ဆွတ်ခူးသွားပြီး ဒုတိယ ဇေယျာထက်ရရှိပြီး ငွေသားကျပ် တစ်သိန်းခွဲကို လည်းကောင်း၊ တတိယဆုကို မေဝါးကလပ်မှ ခိုင်လင်းဦးကရရှိပြီး ငွေသားဆု ကျပ်တစ်သိန်းကို ဆွတ်ခူးရရှိသွားကြသည်။

ကျင်းပ

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနုကာအဖွဲ့ချုပ်မှ ကြီးမှူး ကျင်းပသည့် အငယ်တန်းစနုကာပြိုင်ပွဲ ပထမရရှိသူများ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိသော်လည်း ရန်ကုန်မြို့တွင်းရှိ နာမည်ကြီးကလပ်အသင်းများမှ မျိုးဆက်သစ် လူငယ် ၅၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၉ ရက် အထိ ကျင်းပခဲ့သည်။

ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မျိုးဆက်သစ်လူငယ် စနုကာ အားကစားသမားများ ပေါ်ထွန်းရန် မြန်မာနိုင်ငံဘိလိယက်နှင့် စနုကာအဖွဲ့ ချုပ်တွင် အဓိကလိုအပ်လျက်ရှိသည့် ရွက်ပုန်းသီး စနုကာအားကစားသမားများ ပေါ်ထွန်းရန်နှင့် အထောက်အကူပြုရန် ပြိုင်ပွဲကိုကျင်းပခြင်း ဖြစ်သည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများ မေဝါးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဇော်က ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲ တံခွန်စိုက်ဆု ကာကွယ်ရေးဝန်ကြီးဌာန ရရှိ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပထမအကြိမ် ဗန်တို (အတိုက်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန (က) အသင်းက အမှတ်ပေါင်း ၁၅ မှတ်ဖြင့် ပထမတံခွန်စိုက်ဆုနှင့် ငွေသား ကျပ်ခုနစ်သောင်းကို ရယူသွားသည်။ တံခွန်စိုက် ဒုတိယဆုကို ပြည်ထဲရေးဝန်ကြီးဌာန (က)အသင်းကရရှိပြီး ငွေသား ကျပ်ငါးသောင်းကို ရရှိသည်။ တတိယဆုကို ပတ္တမြားရွှေကြာ(က)အသင်းက ရရှိပြီး ငွေသားကျပ် သုံးသောင်း ရရှိသွားသည်။

အမျိုးသား ၄၁-၄၅ ကီလိုတန်း ပြိုင်ပွဲတွင် ပထမ မျိုးထွန်း(ကာကွယ်ရေး-က)၊ ဒုတိယ သောင်းစိန် (ပြည်ထဲရေး-က)နှင့် ပူးတွဲတတိယ အောင်ဇော် (ကာကွယ်ရေး-ခ)နှင့် ဝင်းနိုင်ဦး(စက်မှု-၁)တို့က လည်းကောင်း၊ ၄၅-၄၉ ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် ပထမ ထိန်လင်း(ကာကွယ်ရေး-က)၊ ဒုတိယ အောင်ချမ်း (ပြည်ထဲရေး-က)နှင့် ပူးတွဲတတိယ မင်းမင်း(မကွေး-က)နှင့် တင်ထွန်း (ကရင်)၊ ၄၉-၅၃ ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် ပထမ လွမ်းအောင် (ကာကွယ်ရေး-က)၊ ဒုတိယ သူရိန်ထွန်း(ကာကွယ်ရေး-ခ)၊ ပူးတွဲတတိယ ဇော်လတ်(ပြည်ထဲရေး-ခ) နှင့် ဇော်လင်း(ကရင်)၊ ၅၃-၅၇ ကီလိုတန်း အမျိုးသားပြိုင်ပွဲတွင် ပထမ ရဲမျိုးဟိန်း(ပြည်ထဲရေး-က)၊ ဒုတိယ ဝေမောင် (ပတ္တမြား-က)နှင့် ပူးတွဲတတိယ အောင်မျိုးဆန်း(ပြည်ထဲရေး) နှင့် ရဲထွဋ်(စက်မှု-၁)၊ ၅၇-၆၁ ကီလိုတန်းပြိုင်ပွဲတွင် ဘသောင်း(ကာကွယ်ရေး-က)၊ ဒုတိယ ဖြိုးကိုကို(ပတ္တမြားရွှေကြာ-က)နှင့် ပူးတွဲတတိယ ဇော်ဦး (ကာကွယ်ရေး-ခ)နှင့် ကျော်လင်းဦး (ကရင်)တို့ အသီးသီးရရှိသွားသည်။

ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာန (က)အသင်းအား မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က ဆုချီးမြှင့်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

အမျိုးသမီး ၄၅-၄၉ ကီလိုတန်း ပြိုင်ပွဲတွင် ပထမ နွယ်နီကျော်ဝင်း (ရန်ကုန်)၊ ဒုတိယ ခေါ်လွေ(ကချင်ရိုးရာ)၊ ပူးတွဲတတိယ စပါယ်သက်ခိုင် (ပြည်ထဲရေး-က)နှင့် ခွန်အန်း(ကချင်ရိုးရာ)တို့ရရှိပြီး အမျိုးသမီး ၄၉-၅၃ ကီလိုတန်းပြိုင်ပွဲတွင် ပထမ နီလာထွန်း (ရန်ကုန်)၊ ဒုတိယ ဆိုင်းခေါန် (ကချင်ရိုးရာ)နှင့် တတိယ ကိုင်ရာ (ကချင်ကျားသိုင်း)တို့က ရရှိကြသည်။

အကောင်းဆုံး

အကောင်းဆုံး အားကစားသမားဆုကို ရဲမျိုးဟိန်း (ပြည်ထဲရေး-က) ဆွတ်ခူးသွားပြီး ကလပ်နှင့် ငွေသားကျပ်တစ်သောင်းငါးထောင် ရရှိသွားသည်။

အမျိုးသမီး ၄၅-၄၉ ကီလိုတန်း အထူးဗန်တို(အတိုက်)ပြိုင်ပွဲ ပထမ နွယ်နီကျော်ဝင်း(ရန်ကုန်)က ရရှိပြီး ငွေသားကျပ် တစ်သောင်းငါးထောင် ဆွတ်ခူးသွားပြီး ဒုတိယ ခေါ်လွေ (ကချင်ရိုးရာ)ရရှိပြီး ငွေသားကျပ်တစ်သောင်း ရရှိသွားသည်။

ဆုများချီးမြှင့်

ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်၊ ဒုတိယဥက္ကဋ္ဌ မြန်မာ့သိုင်းပညာရှင် ဦးမြသိန်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် မြန်မာ့သိုင်းအဖွဲ့ချုပ် နာယကများက ပေးအပ်ချီးမြှင့်ကြသည်။ **(မြန်မာ့အလင်း)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၀

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ အဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၆၁)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည် ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

အာရှ မြားပစ်အဖွဲ့ချုပ်နည်းပြဆရာ ဆွေးနွေးပွဲတက်ရန် မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖွဲ့ မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် အာရှမြားပစ်အဖွဲ့ချုပ် နည်းပြဆရာ အလုပ်ရုံ ဆွေးနွေးပွဲကို တက်ရောက်ရန်နှင့် ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိကျင်းပမည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ယှဉ်ပြိုင်ရန် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ ခေါင်းဆောင်သည့် မြန်မာမြားပစ် အဖွဲ့သည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြိုင်ပွဲဝင်မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အုပ်ချုပ်သူနည်းပြ အဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ နည်းပြအဖြစ် ဒေါ်သီသီဝင်း၊ ပြိုင်ပွဲလေ့လာသူအဖြစ် ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း (အမှုဆောင်၊ အဖွဲ့ချုပ်)၊ အားကစားသမားများအဖြစ် ဇော်ဝင်းထိုက်၊ ရဲမင်းဆွေ၊ လင်းနိုင်၊ တင်ဇင် အိနှင့် အေးသီတာတို့ လိုက်ပါသွားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ရန် မြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး၊ အမှုဆောင်များဖြစ်ကြသည့် ဦးမောင်မောင် ဥက္ကာနှင့် ဦးကျော်ဇင်ထွန်း၊ မြားပစ်လက်ရွေးစင် ဇော်ဝင်းထိုက်တို့လည်း လိုက်ပါသွားကြသည်။ (မြန်မာ့အလင်း)

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆက်တွဲသတင်းများ

ကမ္ဘာ့ဖလားဘောလုံးပွဲ ကျင်းပပြီးနောက်ပိုင်း ဖြစ်ပေါ်လျက်ရှိသော ကမ္ဘာ့ဖလားဘောလုံး သတင်းဂယက်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီးအတွက် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဘရာဇီးနည်းပြ ပရဲယား။

ဘရားဇီးနည်းပြ ပရဲယားနုတ်ထွက်ပြီ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲ ကွာတားဖိုင်နယ် အဆင့်မှာပင် ပြင်သစ်ကို ရှုံးနိမ့်ပြီး အိမ်ပြန်ခဲ့ရသည့်အတွက် ဘရာဇီးနည်းပြ ပရဲယားတာဝန်မှ နုတ်ထွက်လိုက်ပြီ ဖြစ်သည်။

ဘရာဇီးအသင်းကို မိမိလေးနှစ်တာကာလတာဝန်ယူပေးခဲ့ပြီးဖြစ်ကြောင်း သို့သော် အောင်မြင်မှုမရခဲ့သဖြင့် မိမိတာဝန်မကျေကြောင်း၊ ထို့ကြောင့် ဘရာဇီးအသင်း အောင်မြင်မှုရရှိစေရန်အတွက် နည်းပြအဖြစ်မှ မိမိနုတ်ထွက်လိုက်ခြင်းဖြစ်ကြောင်း ပရဲယားက ပြောကြားသည်။

အသက် ၆၃နှစ်အရွယ်ရှိ ဘရာဇီးနည်းပြ

ကားလို့စ်အယ်ဘာတိုပရဲယား ၁၉၉၄ ခုနှစ်က ဘရာဇီးအသင်း ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူတစ်ဦးဖြစ်ပြီး ၂၀၀၃ ခုနှစ်အစပိုင်းမှ စတင်ကာ ဘရာဇီးအသင်းကို ထပ်ကိုင်တွယ်ခဲ့သူဖြစ်သည်။ ပရဲယားသည် ဘရာဇီးနည်းပြအဖြစ် ၁၉၈၀ပြည့်နှစ်က တစ်နှစ်တာကာလနည်းပြ တာဝန်ယူခဲ့သူဖြစ်ရာ ယခုအကြိမ်သည် ဘရာဇီးနည်းပြအဖြစ် သူ၏ တတိယအကြိမ်မြောက် ကိုင်တွယ်ခဲ့သူဖြစ်သည်။

ပရဲယားသည် ၁၉၈၂ခုနှစ်က ကူဝိတ်အသင်းနည်းပြ၊ ၁၉၉၀ ပြည့်နှစ်က အာရပ်စော်ဘွားများပြည်ထောင်စု အသင်းနှင့် ၁၉၉၈ခုနှစ်က ဆော်ဒီအာရေဗျအသင်း နည်းပြတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။



ဇီဒန်း(ဝဲ)နှင့် မာကိုမာတီရာဇီ(ယာ)။

ဇီဒန်းနှင့် မာကိုမာတီရာဇီတို့ကို ဖီဖာက စစ်ဆေးနေပြီ

၂၀၀၆ ကမ္ဘာ့ဖလားနောက်ဆုံး ဗိုလ်လုပွဲအဖြစ် ပြင်သစ်နှင့် အီတလီတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အချိန်ပိုကစားချိန်အတွင်း ပြင်သစ်အသင်းခေါင်းဆောင်ဇီဒန်းက အီတလီနောက်ခံလူ မာတီရာဇီ၏ ရင်ဘတ်ကို ခေါင်းဖြင့် ပစ်တိုက်ခဲ့ရာ ဇီဒန်း အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

ဇီဒန်းအား ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အကောင်းဆုံးဘောလုံးသမားဆုကို ရွေးချယ်ခဲ့ရာ ပြိုင်ပွဲ၌ ရိုင်းပျစွာပြုမူခဲ့သူ တစ်ဦးအား အကောင်းဆုံးဘောလုံးသမား ဆုရွေးချယ်ခဲ့မှုအပေါ် ကမ္ဘာ့ဘောလုံးအသိုင်းအဝိုင်း၌ ဝေဖန်ပြစ်တင်မှုများ သောသောညံလာခဲ့သည်။

ထို့ကြောင့် ဖီဖာက မည်သူ့၌ အပြစ်ရှိသည်ဆိုသည်ကို ဇူလိုင် ၂၀ရက်၌ စတင်စစ်ဆေးနေပြီဖြစ်သည်။ အီတလီနောက်ခံလူမာတီရာဇီက မိမိတွင်အပြစ်မရှိကြောင်း၊ အပြစ်ရှိလျှင် ခံယူဖို့အသင့်ရှိကြောင်း ဖီဖာ စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ ပြောကြားခဲ့သည်။

ထို့အတူ ဇီဒန်းကလည်း မိမိ၏ မိသားစုနှင့်ပတ်သက်သည့် ခံရခက်သော စကားများကို မာတီရာဇီက

ပြောကြားခဲ့သည်ဟု ပြောကြားခဲ့သည်။ ဇီဒန်းသည် ပြစ်မှုထင်ရှားပါက ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား အကောင်းဆုံးဘောလုံးသမားဆုကို ဖီဖာက ပြန်ရုပ်သိမ်းခြင်းကိုခံရမည်ဖြစ်သည်။ ယခုအခါ ဖီဖာ၏ဆုံးဖြတ်ချက်ကို စောင့်မျှော်နေကြရပြီဖြစ်သည်။

စပိန်နည်းပြဟောင်း ဂျာဗီရာ ဆာဘီးယား နည်းပြဖြစ်ပြီ

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဆာဘီးယား အသင်းနည်းပြ ပက်ကိုဗစ်ကို ဆာဘီးယားဘောလုံးအဖွဲ့ချုပ်က ထုတ်ပစ်လိုက်ပြီး စပိန်နည်းပြဟောင်း ဂျာဗီရာကလီမင်တေးအား အစားထိုးခန့်အပ်ရန် သဘောတူညီမှုများ ရရှိခဲ့ပြီဖြစ်သည်။

စပိန် နည်းပြ

စပိန်နည်းပြ ဟောင်းဂျာဗီရာ။

ကလီမင်တေးသည် ဆာဗီးယားအသင်း၏ပထမဆုံး နိုင်ငံခြားသား နည်းပြတစ်ဦးလည်း ဖြစ်လာမည်ဖြစ်သည်။ ကလီမင်တေးသည် ဆာဘီးယားအသင်းကို လာမည့် ယူရို ၂၀၀၈ခုနှစ်၌ခြေစစ်ပွဲအောင်ရန် စွမ်းဆောင်ပေးရမည် ဖြစ်ပြီး ဂျာဗီရာကလီမင်တေးသည် အက်စ်ပန်းညို၊ အက်သလက်တီကို၊ ရီးရဲလ်ဘက်တစ်နှင့် ရီရဲလ်ဆိုစီဒက်အသင်းတို့၏ နည်းပြအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။ မိမိအနေဖြင့် ဆာဘီးယားအသင်း၌ လုပ်စရာအများကြီးရှိကြောင်း ပထမဆုံးမှာ ဘောလုံးသမားများ အနေဖြင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုစိတ်ဓာတ် ကိန်းအောင်းလာစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

၂၀၁၈ ကမ္ဘာ့ဖလားအင်္ဂလန်က အိမ်ရှင်အဖြစ်ကျင်းပလို

၂၀၁၈ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရေး ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အခွင့်ရေးကောင်းတစ်ခုပင် ဖြစ်ကြောင်း အင်္ဂလန်အားကစားဝန်ကြီး ရစ်ချက်ကာဘွန်က ပြောကြားလိုက်သည်။

၂၀၁၈ခုနှစ်အတွက် အိမ်ရှင်ဖြစ်ရေး အပြိုင်အဆိုင် ကြိုးပမ်းနေမှုများမှာ စိတ်ပျက်စရာကောင်းနေကြောင်း၊ မိမိတို့အနေဖြင့် ရှေ့ဆုံးမှရရှိအောင် ကြိုးစားနေကြောင်း၊ အင်္ဂလန်ရှိ ဘောလုံးကွင်းများမှာ ကမ္ဘာ့အဆင့်အတန်းမီ ဘောလုံးကွင်းများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ။

(အင်တာနက်)

ကမ္ဘာတစ်လွှားအားကစား

ကမ္ဘာ့ဖလားချန်ပီယံ အီတလီအသင်းခေါင်းဆောင် ဂျူဗင်တပ်စ်မှ ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူလိုက်ပြီ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ရီးရဲမက်ဒရစ် ဇူလိုင် ၂၀

ကမ္ဘာ့ဖလားဆွတ်ခူးပေးခဲ့သော အီတလီအသင်းခေါင်းဆောင် ကင်နာဗာရိုနှင့် ဘရာဇီးကွင်းလယ်ကစားသမား အီမာဆင်တို့အား ဂျူဗင်တပ်စ်မှ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်က ကြေညာသည်။

ယင်းကစားသမား နှစ်ဦးအား ရီးရဲလ်မက်ဒရစ်က နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် အခြေအနေပေါ်မူတည်၍ တစ်နှစ်စီ ထပ်မံတိုး၍ စာချုပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

ကြေညာ

ထိုကစားသမားနှစ်ဦးအား ခေါ်ယူခဲ့ခြင်းအတွက် နှစ်ခုပေါင်း ယူရိုသန်း ၂၀ကုန်ကျကြောင်း စပိန်ရေဒီယိုက ကြေညာသည်။

ဂျူဗင်တပ်စ်အသင်းသည် လုပ်ပွဲကစားခဲ့သဖြင့် လွန်ခဲ့သော သီတင်းပတ်က စီးရီးဘီသို့ တန်းချခံခဲ့ရသည်။ ယင်းတို့သည် ၂၀၀၆-၂၀၀၇ ရာသီတွင် စီးရီးဘီတွင် ကစားရမည်ဖြစ်သည့်အပြင် ရမှတ်၃၀ကိုလည်း အနုတ်ခံရမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် လွန်ခဲ့သော သုံးနှစ်က ဖလားတစ်လုံးမျှ ဆွတ်ခူးနိုင်စွမ်းမရှိသဖြင့် အသင်းကို ပြန်လည် တည်ဆောက်လျက်ရှိသည်။

စာချုပ်ချုပ်

အဆိုပါ အားကစားသမားနှစ်ဦးသည် ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌသစ် ရာမွန်ကယ်ဒါရွန် ယခုလ စောစောပိုင်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက် ပထမဆုံးအကြိမ် စာချုပ်ချုပ်လိုက်ခြင်းဖြစ်သည်။

ကင်နာဗာရိုနှင့် အီမာဆင်တို့ စာချုပ်ခြင်းကို ရီးရဲလ်မက်ဒရစ်နှင့် အတူ သဘောတူညီမှုတစ်ရပ် ရရှိသွားပြီဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်က အတည်ပြုခဲ့သည်ကို ကလပ်ဝက်ဘ်ဆိုက် ကြေညာချက်တွင် ဖော်ပြသည်။

ယင်း ကစားသမားများသည် လောလောဆယ် အားလပ်ရက်အနားယူလျက်ရှိကြပြီး မကြာမီ ရီးရဲလ်မက်ဒရစ်သို့ ရောက်ရှိလာကြမည်ဖြစ်သည်။ **(အင်တာနက်)**

အီတလီအသင်းအား ကမ္ဘာ့ဖလားရယူပေးခဲ့သော အသင်းခေါင်းဆောင် ကင်နာဗာရို။
(ဓာတ်ပုံ-အင်တာနက်)



ပေါ်တူဂီ ကစားသမား ဖာနန်ဒက်စ် ပို့စ်မောက်သို့ ရောက်ရှိလာတော့မည်

လန်ဒန် ဇူလိုင် ၂၀

ပေါ်တူဂီကွင်းလယ်ကစားသမား မာန့်ချူရယ် ဖာနန်ဒက်စ်သည် ပရီမီယာရှစ် ကလပ်ပို့စ်မောက် အသင်းက ပေါင်၁၀သန်းဖြင့် ခေါ်ယူထားရာ မကြာမီ စာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။



ဖာနန်ဒက်စ်

ပေါ်တူဂီ ကွင်း လယ် ကစားသမား ဖာနန်ဒက်စ်။
(ဓာတ်ပုံ-အင်တာနက်)

မျှော်လင့်ရ

အသက် ၂၀အရွယ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် ဘင်ဖီကာအသင်းမှ ပို့စမောက်သို့ ပြောင်းရွှေ့လာမည်ဖြစ်ရာ ဇူလိုင် ၂၀ရက်၌ ကြံ့ခိုင်မှုဆေးစစ်လိမ့်မည်ဟု မျှော်လင့်ရသည်။

အကယ်၍ ထိုစာချုပ်ကို ချုပ်ဆိုခဲ့လျှင် ဖာနန်ဒက်စ်သည် ယခင်ပို့စမောက်က ပေါင်လေးသန်းဖြင့် ဇန်နဝါရီလက အမ်ဝါရုဝါရီအား ခေါ်ယူခဲ့သည့် စံချိန်ကို ကျော်ဖြတ်လိမ့်မည်ဖြစ်သည်။

အဓိကစွမ်းဆောင်ခဲ့

ပို့စ်မောက်နှင့် ဘင်ဖီကာတို့ အခြေခံအားဖြင့် သဘောတူညီခဲ့ကြပြီးနောက် ဖာနန်ဒက်စ်သည် ဇူလိုင် ၁၉ ရက်က အင်္ဂလန်သို့ ရောက်ရှိလာသည်။ ၎င်းသည် ဘင်ဖီကာ အသင်း၏ လူငယ်ကစားသမားတစ်ဦး ဖြစ်သည်။ ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီတွင် နည်းပြ ဂျိုးစ်အင်တိုနီယိုကာမာချိုက မွေးထုတ်လိုက်ခြင်းဖြစ်သည်။ ၎င်းသည် ဖီဖာ၏ ယူ-၁၇ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် ကွာတားဖိုင်နယ်သို့ ပေါ်တူဂီ လူငယ်အသင်း ရောက်ရှိအောင် အဓိကစွမ်းဆောင်ခဲ့သည့် ကစားသမားလည်း ဖြစ်သည်။

၎င်းသည် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလမှစ၍ ပေါ်တူဂီ လက်ရွေးစင်ဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အက်စ်တွန်ဗီလာနည်းပြ အသင်းမှထွက်ခွာသွားပြီ

ဗီလာ ဇူလိုင် ၂၀

အက်စ်တွန်ဗီလာအသင်း နည်းပြဒေးဗစ်အိုလေးရီသည် အသင်းနှင့် အပြန်အလှန် သဘောတူညီပြီးနောက် အသင်းမှထွက်ခွာသွားပြီ ဖြစ်ကြောင်း အက်စ်တွန်ဗီလာအသင်းက ကြေညာသည်။

အက်စ်တွန်ဗီလာအသင်း နည်းပြဒေးဗစ်အိုလေးရီ။
(ဓာတ်ပုံ-အင်တာနက်)

အသက် ၄၈နှစ်အရွယ်ရှိ အဆိုပါ နည်းပြ ထွက်သွားပြီးနောက် အသင်း၏ဘုတ်အဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ထွက်ခွာသွား

သို့ရာတွင် နည်းပြအိုလေးရီသည် အက်စ်တွန်ဗီလာအသင်းနှင့် အမှားအယွင်းမရှိဘဲ ထွက်ခွာသွားခြင်း ဖြစ်ကြောင်း အက်စ်တွန်ဗီလာအသင်း၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါနည်းပြသည် အက်စ်တွန်ဗီလာအသင်းကို ၂၀၀၃ခုနှစ် ဇွန်လက စတင်တာဝန်ယူခဲ့သည်။ ၎င်း၏ ပရီမီယာရှစ်ပထမဆုံးနှစ်တွင် အက်စ်တွန်ဗီလာအသင်းအား အဆင့် နံပါတ် ၆ အထိ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆင့် ၁၆

သို့သော်လည်း ကံအားလျော်စွာ ၂၀၀၄-၂၀၀၅ရာသီတွင် အဆင့် ၁၀ သို့ရောက်ရှိသွားသည်။ ၂၀၀၅-၂၀၀၆ ရာသီတွင်လည်း အဆင့် ၁၆သို့ ရောက်ရှိသွားပြန်သည်။

တန်းဆင်းဇုန်နီးကပ်

အက်စတွန်ဗီလာအသင်းသည် ယမန်နှစ် ပရီမီယာရှစ်ပြိုင်ပွဲများတွင် သရေပွဲနှင့် အရှုံးပွဲများသည် အနိုင်ရမှု အလွန်နည်းပါးခဲ့သည်။ ထို့ကြောင့်လည်း အက်စ်တွန်ဗီလာအသင်းသည် တန်းဆင်းဇုန်နှင့် နီးကပ်ခဲ့သည်။

(အင်တာနက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

၂–၇–၂၀၀၆ရက်(တနင်္ဂနွေနေ့)၌ကျင်းပသော မောင်ဇော်ဖြိုးဝင်း+မသန္တာရွှေတို့၏ လက်ထပ်မင်္ဂလာ အခမ်းအနား၌စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပြီး ၃–၇–၂၀၀၆ရက် (တနင်္လာနေ့)နံနက်ပိုင်းတွင် ဧယျာသီရိဗိမာန်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်ဇနီး မိသားစု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော အဆိုတော် ဒေါ်တင်တင်မြ၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးလေး အေးသီတာရွှေနှင့် ဝတီခင်ခင်၊ မင်္ဂလာပန်းကြဲပေးသော မအေးဝတ်ရည်စိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသော မထက်ထက်ကြိုင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအေးအေးမြတ်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြသော မောင်ဖြိုးဝင်းကျော်နှင့် မောင်ဇော်မိုးဝင်း၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြသော မနွယ်ဦးဇော်နှင့် မအေးမွန်ခင်တို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင် အလှဆင်ယင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးသော မမဥူ၊ မင်္ဂလာပန်းအလှဆင်ယင်ပေးသော လင်းလင်းနှင့် အီတာနယ်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ဂီတမှူး အေဝမ်းဦးစိုးမြင့်တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးသော မြန်မာ့ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စိုင်းဘုန်းထူးနှင့် ဝဏ္ဏခွာနီတို့အားလည်းကောင်း၊ ၁–၇–၂၀၀၆ရက်(စနေနေ့)တွင် ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်း ဆက်ကပ်လှူဒါန်းပွဲ၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲများဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသော စစ်ဘက်နယ်ဘက် မှ ပုဂ္ဂိုလ်များ၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ဇော်ဖြိုးဝင်း+မသန္တာရွှေ။

မလေးရှားလုပ်ငန်းခွင်အကြိုသင်တန်းတက်ရောက်ရန် သင်တန်းသားခေါ်ယူခြင်း

၁။ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများသည် မလေးရှား လုပ်ငန်းခွင်အကြိုသင်တန်း Induction Course ကို တက်ရောက်အောင်မြင်ပြီး အောင်လက်မှတ်ရရှိပြီးမှသာ ၁–၂–၂၀၀၆ရက်မှစ၍ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ခွင့် ဗီဇာထုတ်ပေးမည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည် အောက်ဖော်ပြပါ သင်တန်းကျောင်းတွင် စာရင်းပေးသွင်း တက်ရောက်နိုင်ပါသည်။

မလေးရှား လုပ်ငန်းခွင်အကြိုသင်တန်းကျောင်း အမှတ်(၇)၊ နတ်မောက်စက်မှုလက်မှု အထက်တန်းကျောင်း၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ သင်တန်းသားအတွက် လိုအပ်သည့်အရည်အချင်း
- (က) အသက် ၁၈နှစ်မှ ၄၅နှစ် အတွင်းရှိသည့် မြန်မာနိုင်ငံသား အမျိုးသားများ
- (ခ) ကျန်းမာရေးကောင်းမွန်သူ
- (ဂ) ကောင်းစွာ စာရေး၊ စာဖတ် တတ်သူ
- (ဃ) မြန်မာနိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူ

၄။ အသေးစိတ်အချက်အလက်များကို အထက်ပါလိပ်စာတွင်လည်းကောင်း၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများတွင်လည်းကောင်း၊ တယ်လီဖုန်းအမှတ်–၀၁–၅၅၄၉၆၈၊ ၀၁–၂၈၁၉၅၇တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန။





ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ Passport No-666606 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပါရန်။

ဖုန်း–၇၀၉၆၁၉။

ဖခင်အမည်မှန်

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပန်တိုင်ကျေးရွာနေ ဦးကြည်လင်း (ခ)ဦးကြည်ဝင်း ၁၂/ထတပ(နိုင်)၀၄၃၅၂၁၏ ဖခင်အမည်မှန်မှာ ဦးကျင်န ဖြစ်ပါသည်။ **ဦးကျင်န။**

မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန် အလုပ်သမားအလိုရှိသည်

"မြန်မာ့မာန်ကုမ္ပဏီလီမိတက်"နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော (စည်းစိမ်သစ်) New Fortune General Trading Co., Ltd. မှ မလေးရှားနိုင်ငံ Seasonair (M) Sdn.Bhd နှင့် S.P Segera Sendirian Berhad ၌ အလုပ်လုပ်ရန် အထွေထွေလုပ်သားများ အမြန်လိုအပ်ပါသည်။

၁။ လုပ်သားအရေအတွက်	–	၅၀ဦး
၂။ အသက်အပိုင်းအခြား	–	အသက်(၁၈–၃၅)နှစ်အောက်
၃။ အခြေခံလစာ	–	တစ်ရက်လျှင်ရင်းဂစ်(၂၅)
၄။ အချိန်ပိုလုပ်အားခ	–	သာမာန်လုပ်ခနှုန်း၏ (၁ဒသမ၅)
၅။ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်	–	မလေးရှားနိုင်ငံဥပဒေအတိုင်းဖြစ်ပါသည်။

မှတ်ချက်။ ။နိုင်ငံကူးလက်မှတ် (Passport) မရှိသေးသူများလည်း လျှောက်ထားနိုင်သည်။

အသေးစိတ်သိလိုပါက – (စည်းစိမ်သစ်) New Fortune General Trading Co.,Ltd. အမှတ် ၉၈၊ မြေညီထပ်၊ ၃၈လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၈၉–၂၄၄၁၄၊ ၃၈၈၀၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် နန္ဒလင်း၏ E.D.H. Efficient Deck Hand Certificate No.0050/00 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၁–၂၃၅၇။

ကျိုးသဲနယ်လုံးဆိုင်ရာ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၀

ကျမ်းပြုအကျော် ကျိုးသဲလေးထပ် ဆရာတော်ကြီး၏ ဖွားမြင်ရာ ဇာတိဖြစ်သော ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် ကျိုးသဲနယ်အတွင်းရှိ ဝါဆိုဝါကပ်တော် မူကြသော သံဃာတော် ၁၅၀ခန့်တို့အား သတ္တမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဝါခေါင်လပြည့်နေ့ (ဩဂုတ် ၈ ရက်) အင်္ဂါနေ့တွင် ကျိုးသဲမြို့၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များသည် အရှင်ကုဏ္ဍလ(ကျိုးသဲ) ပဋ္ဌာနိကာယ သာသနာ့ဗိမာန် ကံဘဲ့ ရန်ကင်း ဖုန်း–၅၆၄၄၅၅ နှင့်ကျိုးသဲမြို့ ဖုန်း–၀၅၃–၂၅၄၉၀ တို့သို့ ဩဂုတ်၅ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

နွယ်မြက် သစ်ပင် ဆေးဘက်ဝင်ဗေဒ

မြောက်ဥက္ကလာပမြို့နယ် ပြန်/ဆက်ဦးစီးဌာန၏ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲ (၃/၂၀၀၆)ကို ဇူလိုင်၁၅ရက်က (က)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးပညာဒါန စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်က ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ရန်ကင်းမြို့နယ်၊ မိုးကောင်းဆုတောင်းပြည့်စေတီတော် တေဒဂ်ဓမ္မာရုံကြီးအသစ် တည်ဆောက်ရန်အတွက် (၁၆)ရပ်ကွက် မြရတနာလမ်း (၁၃/ဘီစီ)နေ နှစ်ဖက်မိဘများဖြစ်ကြသော ချောက်မြို့ စဥ့်ကူးလမ်းနေ ဦးကောက်–ဒေါ်ကြင်လှ၊ မိုးကောင်းဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး–ဒေါ်မြမြအေးတို့အား အမှူးထား၍ ဦးမြင့်ဇော်–ဒေါ်အေးအေးသင်း မိသားစု၏အလှူတော်ငွေကျပ်ငါးသိန်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မဓဇ္ဇာဇောတဓရ ဦးသန်းထွန်းနှင့် အဖွဲ့ထံပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဇူလိုင် ၂၀ရက် မိုးရွာသွန်းလေသမျှ

ဖျာပုံ	၄ ဒသမ ၈၆ လက်မ
သံတွဲ	၄ ဒသမ ၀၁ လက်မ
ရန်ကုန် (ကမ္ဘာအေး)	၂ ဒသမ ၄၈ လက်မ
စစ်တွေ	၂ ဒသမ ၄၁ လက်မ
ပဲခူး	၂ ဒသမ ၂၀ လက်မ
ပျဉ်းမနား	၀ ဒသမ ၆၃ လက်မ

အဘိဓမ္မာခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်

လင်းခေး ဇူလိုင် ၁၀

လင်းခေးမြို့နယ် သံဃနာယက ဂေါပကအဖွဲ့က ကြီးမှူး၍ အကြိမ်(၃၀)မြောက် အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲနှင့် (၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၅ နာရီက လင်းခေးမြို့ မဟာမြတ်မုနိဘုရားကျောင်းတော်၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် မဟာမြတ်မုနိဘုရားကျောင်းတော်၌ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော် ပြီးဆုံးခြင်းနှင့် ဘုရားအနေကဇာတင် သစ်သီး၊ ဆွမ်း၊ ပန်းကပ်လှူပြီး မဟာဝိစာရ ပရိယတ္တိစာသင်တိုက် ဆွမ်းစားဆောင်၌ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့်ဇနီးအဖွဲ့တို့က သံဃာတော် ၇၅ ပါးတို့အား အရုဏ်ဆွမ်း၊ ဆက်ကပ်လှူဒါန်းသည်။

အားပေး

ထို့နောက် စာသင်တိုက်ကျောင်းဝင်းအတွင်း လင်းခေးမြို့သူမြို့သား ဒေသခံပြည်သူများက နိဗ္ဗာန်ဈေးခင်းကျင်းကာ ပင့်သံဃာတော်များနှင့် ဧည့်ပရိသတ်တို့အား နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး မြင့်ဝေနှင့်ဇနီး၊ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအောင်မောင်း နှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မဟာမြတ်မုနိဘုရားကျောင်းတော်၌ အကြိမ်(၃၀)မြောက်အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီးမြောက်ခြင်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ ငါးပါးသီလခံယူပြီး ပရိတ်တရားတော်နာယူကာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့် ဇနီးဒေါ်သန်းသန်းအေးက ဆရာတော်ဦးကောသလအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ရေစက်ချအမျှဝေ

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဝါဆိုသံဃာတော်များအား ကျောင်းအလိုက် ဝါဆိုသင်္ကန်းများ ဆက်ကပ်ပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်ချအမျှပေးဝေကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစန်းမော်ခင် ဇူလိုင် ၁ ရက်က ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသောပျိုးပင်များကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ်တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် မြောင်းသွယ်လမ်း ပလက်ဖောင်းကတ်တုံးများ ဆောင်ရွက်မှုကို ဇွန်၁၆ရက်က အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့်တာဝန်ခံအင်ဂျင်နီယာဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်မြို့ လက်ခုပ်ပင်ကျေးရွာ သုတဝေစာကြည့်တိုက်သို့ ရန်ပုံငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ပြည် ဇူလိုင် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ် ပေါင်းတမော့ကျေးရွာအုပ်စု လက်ခုပ်ပင်ကျေးရွာ သုတဝေစာကြည့်တိုက်သို့ အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်က အဆိုပါကျေးရွာမူလတန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဦးမိုးထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာဦးမင်းစိုးက ရန်ပုံငွေနှင့် စာအုပ်စာစောင်များ၊ လှူဒါန်းရသည့် ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင် ဦးမင်းစိုးနှင့် ဇနီးဒေါ်ရီရီမိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ခရိုင် စီမံကိန်းဦးစီးဌာန)၊ သမီးဒေါ်မိုးထိုက်ထိုက်တို့က သုတဝေစာကြည့်တိုက်အတွက် ရန်ပုံငွေကျပ် ၃၀၀၀၀၊ မဂ္ဂဇင်း ၆၂အုပ် **(အပေါ်ပုံ)**၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်ဝေသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးနည်းပညာပေးနှင့် တောင်သူပညာပေးစာအုပ် ၁၂၈ အုပ်၊ ယူရီးယားဓာတ်မြေဩဇာကို အကျိုးရှိစွာ အသုံးပြုနည်း၊ ခြစ်ည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာပေးနှိုးဆော်ချက်နှင့် သိပ္ပံနည်းကျ စပါးစိုက်ပျိုး နည်းပညာပေးနံရံကပ်ပိုစတာ ၁၀ စောင်တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ ဥက္ကဋ္ဌဦးညဏ်စိန်နှင့် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြစောတို့က လက်ခံယူကြသည်။ **(၄၀၃)**

ကျောင်းကုန်း ကျွန်းချောင်းကျေးရွာ အမကကျောင်းဆောင်သစ်အုတ်မြစ်ချ အလှူငွေပေးအပ်၊ ကျန်းမာရေးသိကောင်းစရာများ ပညာပေးဆွေးနွေး

ကျောင်းကုန်း ဇူလိုင် ၁၅

အမကကျောင်းဆောင်သစ် အုတ်မြစ်ချပွဲနှင့် အလှူငွေစုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် လေ့ကွဲလဟာအုပ်စု ကျွန်းချောင်းကျေးရွာရှိ အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းစိန်တို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာနန္ဒာကျော်က ကျန်းမာရေးအကြောင်း သိကောင်းစရာများ ပညာပေးဆွေးနွေးဟောပြောသည်။

လှူဒါန်း

ဆက်လက်၍ ကျောင်းဆောင်သစ်အတွက်အလှူငွေ စုပေါင်းပေးအပ်ပွဲကို ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်နှင့် ဇနီးဒေါ်မာမာဦးတို့က ငွေကျပ် ၆၀၀၀၀၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်နှင့် ဇနီးဒေါ်ဆွေဇင်ဝင်းတို့က ငွေကျပ်၅၀၀၀၀၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအေးကြူက ငွေကျပ်တစ်သိန်း၊ ဦးလှမြိုင်က ငွေကျပ် ၆၀၀၀၀၊ ဦးသန်းရွှေက ငွေကျပ် ၅၀၀၀၀၊ ဦးမောင်မောင်ဦးက ငွေကျပ် ၅၀၀၀၀၊ ဦးမြင့်သောင်းက ငွေကျပ် ၄၀၀၀၀၊ ဦးဒူလားမြင့်က ငွေကျပ် ၄၀၀၀၀၊ ဦးချိုဦးက ငွေကျပ် ၃၀၀၀၀၊ ဦးကြည်လွင်က ငွေကျပ် ၂၀၀၀၀၊ ဦးရီထွေးကငွေကျပ် ၂၀၀၀၀ နှင့် ငွေကျပ်၁၀၀၀၀ အလှူရှင် ၁၄ဦး၊ ငွေကျပ် ၅၀၀၀ အလှူရှင်သုံးဦး စုစုပေါင်း အလှူရှင်၂၈ဦးတို့က ငွေကျပ် ၆၆၅၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆောက်လုပ်မည်

အဆိုပါကျောင်းမှာ နိုင်ငံတော်မှ ငွေကျပ်သိန်း ၃၀ နှင့် ပြည်သူများက ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၆၀ ဖြင့် ကျောင်းအလျားပေ ၆၀၊ အနံပေ ၃၀ကို ၂၀၀၆-၂၀၀၇ ခုပညာသင်နှစ်အတွင်း အပြီး ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(၂၆၅)**

မြန်မာအမျိုးသမီးများနေ့ အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်

နမ့်ဆန် ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက်က နမ့်ဆန်မြို့နယ် ခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်က အမှာစကားပြောကြားပြီး အဖွဲ့ငယ်များမှ အဖွဲ့ ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့ဝင် အဆိုပြုလွှာ ၁၁၄၈ စောင်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်ထံ စုပေါင်းပေးအပ်ကြသည်။

အဆိုပါနေ့ ညပိုင်းတွင်အမျိုးသမီးများနေ့အထိမ်းအမှတ်လှယဉ်ကျေးမယ် ပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဆုရရှိသူများကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်က ဆုများချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်
၂၂-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ချစ်ရည်တူပြိုင်
(၂) ထာဝစဉ်မောင်နဲ့ခင်
(၃) ချစ်ခွန်းတုံ့လှယ်
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မိုဘိုင်းလ်ဖုန်းဓာတ်ခဲအတွက် ကာကွယ်ပေးသည့် အားသွင်းစက်)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ဘဝကူးကောင်းစေဖို့ (ခေါင်းကြီး)
(၂) အလိုအပ်ဆုံးအဖော် (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂း၁၀ နေ့စဉ်သုံးအီဒီယမ် (ဆရာဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (နဝမတန်း-ပထဝီဝင်-ပထဝီအကြောင်း သိကောင်းစရာ)

ညနေပိုင်း

၁၆း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဘယ်မှာလဲ အချစ်ရယ်
(၂) မေတ္တာအသိ နောက်ကျ သွားတယ်
(၃) တစ်ယောက်ထဲခွဲနေဖူးပြီ
၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မစုမွန်နှင့် ရခိုင်ပြည်နယ်မှ မဦးခင်သိန်းတို့၏ ကာလပေါ်တေးများ)
၁၇း၁၅ ခေတ်ဟောင်းတေး
(၁) ဝါဆိုပန်း
(၂) သက်သတ်လွတ်
(၃) ဝိသာခါ
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်းအကျိုးကျေးဇူး) (ခင်မောင်ဝင်း-စစ်တွေ)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ချိုကြည်သာ တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဂန္ထဝင်သုံးဖော်-၂ တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နှစ်ကိုယ်ကြားလေး ပြောချင်တယ်
(၂) မျှော်လင့်ခြင်းဖြင့်သာ
(၃) အလွမ်းလာလို့ လက်တို့သလား

ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စန်းဦးနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေလင်းတို့ ဇူလိုင် ၁ ရက်က မြို့နယ်အတွင်းရှိ စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျောက်တံခါးမြို့ မဈေး၌ စုပေါင်းသန့်ရှင်း

ကျောက်တံခါး ဇူလိုင် ၁၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျောက်တံခါးမြို့မဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပအိုဝ်းအမျိုးသား သာသနာပြုဓမ္မာရုံ၏ (၁၃) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၈ရက်က အဆိုပါ ဓမ္မာရုံ၌ကျင်းပရာ တောင်ကြီး ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် သာသနဓဇ ဓမ္မာ စရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကလျာဏ ဓမ္မ B.A, (BDH) ထံ ဦးခွန်ကျော်ညွန့်-ဒေါ်ခင်မိုးရီမိသားစု(မြောက်ဒဂုံ)တို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သမထ ဝိပဿနာတရားပွဲ

ရန်ကုန် ဇူလိုင် ၂၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် တရားတော်များကို မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး ဦးသန်းရွှေ(ဒလ-အုံကြီး)က ဒေါပုံမြို့နယ် ပြဿဒ်ပရိယတ္တိစာသင်တိုက်ကြီးတွင် ဇူလိုင် ၂၄ရက်မှ ၃၀ ရက်အထိ ညနေ ၆ နာရီမှ ည ၇ နာရီခွဲအထိ လည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံတွင် ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိ လည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက်တရားအားထုတ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် မြန်မာပညာတော်သင် ရဟန်းများ ဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ရန်ကုန်မြို့ မီးအိမ်ရှင် စာအုပ်တိုက်ပိုင်ရှင် ဆရာဝန် စာရေးဆရာမ ဒေါက်တာယဉ်မင်းဦး (ခ) ဒေါက်တာနိုက်တင်ဂေးလ်က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးဥက္ကဋ္ဌ အရှင်ရာဇိန္ဒနှင့် အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)တို့သို့ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်း အလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင်၁၆ ရက်က ရွာမအရှေ့ရပ်ကွက် ဆောက်လုပ်ရေးယန္တရား ပင်မတောင်ခန်းမ၌ကျင်းပရာ ပထမဆုရကမ်းနားအလယ်ရပ်ကွက်အသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။ (က-ပ)

မိုးကုတ်ရိပ်သာ ဝါတွင်းသုံးလ တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း သုံးခွမြို့ အမှတ်(၂) ရပ်ကွက် မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၈၄) က ကြီးမှူးကျင်းပသော ဝါတွင်းသုံးလ တရားစခန်းပွဲများကို ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ ဓမ္မကထိက ဘဒ္ဒန္တဓမ္မသာရကလည်းကောင်း၊ ဩဂုတ် ၉ ရက်မှ ၁၅ရက်အထိ ဓမ္မကထိက ဘဒ္ဒန္တစန္ဒဝံသကလည်းကောင်း၊ဩဂုတ်၂၃ရက်မှ ၂၉ ရက်အထိ ဓမ္မကထိက ဘဒ္ဒန္တအဂ္ဂဉာဏက လည်းကောင်း၊ စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ဓမ္မကထိက ဘဒ္ဒန္တသံဝရကလည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ဓမ္မကထိက ဘဒ္ဒန္တနန္ဒဝံသက လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် တရား၊ ဝိပဿနာအလုပ်ပေးတရားနှင့် သစ္စာလေးပါးတရားတို့ကို ဟောကြားပြသမည်ဖြစ်သည်။

စာရင်းပေးနိုင်

တရားစခန်းဝင်မည့် ယောဂီများသည် သုံးခွမြို့ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၈၄) သို့ လည်းကောင်း၊ ဖုန်း-၃၉၀၄၂၂၊ လိုင်းခွဲ-၂၃၃၄ နှင့် ၀၁-၂၄၄၆၂၂ တို့သို့ လည်းကောင်း ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်းနှင့် ဝါတွင်းသုံးလဖြစ်စေ၊ နှစ်သက်ရာ တရားစခန်းပွဲတွင်ဖြစ်စေ တရားအားထုတ်နိုင်ကြောင်းသိရသည်။ **(၁၃၇)**

ရန်ကုန်မြို့ အမှတ်(၈၂)(စီ) အင်းလျားလမ်းနေ ဦးမျိုးညွန့်-ဒေါ်စုစုလွင်မိသားစုက အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြန့်) ဖြစ်မြောက်ရေးကော်မတီသို့ ဇူလိုင် ၁၃ ရက်က တတိယအကြိမ်မြောက် အလှူငွေကျပ်တစ်သိန်းကို အလှူရှင်များကိုယ်စား ဦးဝင်းမြိုင် မိသားစု (ထောက်ကြန့်)က ပေးအပ်လှူဒါန်းရာ အခမဲ့နာရေးကူညီမှုအသင်း (ထောက်ကြန့်) ဖြစ်မြောက်ရေးကော်မတီ အကြီးပေးနာယကဦးမြထွေးကလက်ခံယူစဉ်။ (က-ပ)

ကျိုက်ထိုမြို့ ဂန္ဓကုဋိတိုက်အတွင်းရှိ ပဉ္စဝဂ္ဂီငါးဦးအား မြတ်စွာဘုရား တရားဦး ဟောပုံတော်နှင့် ကျောင်းဆောင် ပြန်လည်ပြုပြင်ရန် မူလအလှူရှင် ကျိုက်ထိုမြို့ တောင်ပိုင်းရပ် မာလာလမ်းနေ ဦးမောင်ဟန်-(ဒေါ်ထွေး) မိသားစုတို့က ငွေကျပ် ၆၂၄၅၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့နာယက ဦးရွှေအောင်နှင့် အတွင်းရေးမှူး ဦးထင်အောင်တို့က လက်ခံယူစဉ်။ (က-ပ)

မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အမှတ်(၅)ရပ်ကွက်တွင် ဆယ်အိမ်စုမှူးများ ဆင့်ပွားသင်တန်းပို့ချမှုကို ဇူလိုင် ၁၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမာနှင့် ရပ်ကွက်အဖွဲ့ဝင် ဦးဇော်ဝင်းတို့ ကြည့်ရှုအားပေးကြစဉ်။ (က-ပ)

စာကြည့်တိုက်များရေရှည်တည်တံ့ရေး ဂန့်ဂေါမြို့၌ ကွင်းဆင်းဆောင်ရွက်

ဂန့်ဂေါ ဇူလိုင် ၁၈

မကွေးတိုင်း ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဂန့်ဂေါမြို့နယ်အတွင်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့် အကြီးတန်းစာရေး ဦးစိုးမြင့်တို့သည် ဇူလိုင် ၁၄ရက်နှင့် ၁၅ရက်တို့တွင် လယ်မကျေးရွာနှင့် ပြည့်ဝကျေးရွာတို့သို့လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်အေးအေးနှင့် အငယ်တန်းစာရေး ဒေါ်မာမာမင်းတို့သည် ဇူလိုင် ၁၂ရက်မှ ဇူလိုင် ၁၈ရက်အထိ မွေ့လယ်၊ နှမ်းခါး၊ ရွှေဘို၊ သင်တော၊ တောင်ခင်ရန်း၊ မြောက်ခင်ရန်းနှင့် ဟံသာဝတီကျေးရွာများသို့ လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂)ဦးကျော်သန်းဆွေနှင့် စာကြည့်တိုက်လက်ထောက်(၃)ဦးညီညီဇော်တို့သည် ဇူလိုင် ၅ရက်မှ ဇူလိုင် ၁၂ ရက်အထိ မြင်သား၊ သာလင်းကုန်းရွာ၊ ရွာမ၊ ကျွန်းခုံသာ၊ အလယ်ရွာနှင့် လက်ပန်ကျေးရွာများသို့လည်းကောင်း သွားရောက်ကွင်းဆင်း၍ စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စာအုပ်များ စနစ်တကျထားရှိရေး၊ စံပြစာကြည့်တိုက်အဖြစ် စနစ်တကျ ဆောင်ရွက်ရေးနှင့် မှတ်ပုံတင်ရေးတို့ဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကလေးမြို့၌ ဆေးဝါးပစ္စည်းမျိုးစုံ ပေးအပ်လှူဒါန်း

ကလေး ဇူလိုင် ၉

ကလေးဝမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်သန်း ဦးဆောင်သော လူမှုရေးအဖွဲ့ဝင်များသည် ကလေးမြို့ အကျဉ်းထောင်အတွင်း လိုအပ်သော တန်ဖိုးငွေကျပ်၁၂၀၀၀၀ တန် ဆေးပစ္စည်းမျိုးစုံ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က ကလေးခရိုင် ကလေးမြို့ အကျဉ်းဦးစီးဌာန အကျဉ်းထောင်ဝင်းအတွင်းရှိ အကျဉ်းဦးစီးဌာန တောင်ဇလပ်ဖြူ အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ကလေးဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်သန်းက အဖွင့်အမှာစကားပြောကြားပြီး ကလေးမြို့ အကျဉ်းဦးစီးဌာန အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသော်က လိုအပ်သော ဆေးဝါးပစ္စည်းမျိုးစုံတို့ကိုလှူဒါန်းကြသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဆေးဝါးလှူဒါန်း

ဆက်လက်၍ ကလေးဝ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးချစ်သန်းက ကလေးမြို့ အကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးဝင်းသော်ထံ ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

(၄၁၇)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်စက်ယိုချောင်း ရေစီးရေလာကောင်းမွန် စေရေးနှင့် ပြည်သူများ ကျန်းမာသန့်ရှင်းရေးအတွက် ချောင်းအတွင်း ပိတ်ဆို့နေသော အမှိုက်နှင့်ဒိုက်များ ရှင်းလင်းဖယ်ထုတ်ခြင်းတို့ကို ဇွန် ၂၉ရက်က မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လဲချားမြို့နယ် ကောက်စိုက်ပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

ပြည်နယ်အတွင်း အထူးအထွက်တိုးစပါး တစ်ဧကတင်း ၂၅၀ ကျော် ထွက်သည်အထိ စိုက်ပျိုးအောင်မြင်

ခေတ်မီနည်းစနစ်များနှင့်အညီ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၂ရက် မွန်းလွဲပိုင်းတွင် လဲချားမြို့ မြို့မအုပ်စု ရပ်ကွက်(၁)ရှိ စပါးစိုက်ကွက်၌ကျင်းပသော လဲချားမြို့နယ် ကောက်စိုက်ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၅ ●

ပဲခူးနှင့် စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်နိုင်

ရန်ကုန် ဇူလိုင် ၂၀

ပဲခူးမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၈၆၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၄၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ သို့ ရောက်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ပုဂံ-ညောင်ဦးမြို့နယ်မှ ငါ့သရောက်ရေလှောင်တမံ သီးနှံဧရိယာ ဧက၃၀၀၀ အကျိုးပြုနိုင်ရန် တည်ဆောက် ပတ်ဝန်းကျင်ကျေးရွာများ သောက်သုံးရေများ သုံးစွဲနိုင်ပြီ

သတင်းမြင်ကွင်း-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၂၀

မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့နယ်သည် တစ်နှစ်လျှင် မိုးရေချိန် ၂၅ လက်မခန့်သာ ရွာသွန်းသဖြင့် မိုးရာသီ၌ပင် စိုက်ပျိုးရေအလုံအလောက်မရရှိသည့်အပြင် နွေရာသီတွင်မူ စိုက်ပျိုးရေ အခက်အခဲ နှစ်စဉ်တွေ့ကြုံခဲ့ရသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုဂံ-ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ဒေသတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြစ်သည့် ရောဝတီမြစ်မှမြစ်ရေကို ရေစုပ်စက်ဖြင့် ရေတင်၍ စိုက်ပျိုးရေပေးဝေခြင်းကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအား တာဝန်ပေး ဆောင်ရွက်စေလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့နယ် ငါ့သရောက်ရေလှောင်တမံ ပြီးစီးမှုမြင်ကွင်း။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)